ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (21-3-2006) (၄၉၀၆)

အောင်မြင်ရေး၏ အခြေခံသော့ချက်

▶ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်စာနာမှု၊ ကူညီရိုင်းပင်းမှုနှင့် ညီညွတ်မှုတို့သည် လုပ်ငန်းအားလုံးအောင်မြင်ရေး၏ အခြေခံသော့ချက် ဖြစ်သည်ဆိုခြင်းကို ပြဆိုလျက်ရှိ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပြည်နယ်တိုင်းအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် အမြဲကြိုးပမ်းဆောင်ရွက်နေ ကိုယ့်ခွန်ကိုယ့်အားဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်နေချိန်တွင် အားလုံး တက်ညီလက်ညီ ဦးပဲ့ထမ်းဆောင်ရွက်ကြရန် အရေးကြီး

ရန်ကုန် မတ် ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ပြည်ထောင်စု တိုင်းရင်းသားမျိုးနွယ်စု ညီအစ်ကိုများ ချစ်ကြည်ရင်းနှီးစွာ စုစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စု အနှစ်သာရအပြည့်အဝရှိသော ပြည်နယ်ဖြစ်ပါကြောင်း။

ပြည်နယ်အတွင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အဓိက ဆောင်ရွက်လျက်ရှိသော ကိုလိုနီအမွေဆိုးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းတာဝန်အဖြစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ သံလွင်အရှေ့ခြမ်းဒေသ၌ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ လူသားအားလုံး အတွက် အန္တရာယ်ဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါးကို ပြည်နယ်အတွင်း လုံးဝကင်းစင် ပပျောက်သည်အထိ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြင့် ပဏာမတင်ပြပြီး ပြည်နယ်၏အကျယ်အဝန်း၊ လူဦးရေ၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ မြေယာအသုံးချနိုင်မှုများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၁-၃-၂၀၀၆
(အင်္ဂါနေ့)

ဘဏ်လုပ်ငန်းကဏ္ဍ အောင်မြင်ဖြစ်ထွန်းရေး ကြိုးပမ်း နိုင်ငံတော်တည်ဆောက်ရေးတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသော နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းလာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ ရေ မြေ သဘာဝ သယံဇာတ အခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်လာရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖန်တီးပေးလျက်ရှိသည်။

အလားတူ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသည့် အစီအမံများကိုလည်း စနစ်တကျ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ သွင်းကုန်အစားထိုး စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည့်နည်းတူ စက်မှုဇုန်များကို ပံ့ပိုးထူထောင်ပေးနေသည်။ စက်မှုဇုန်များရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၌ အဆင့်မြင့်နည်းပညာများ တိုးချဲ့ဆောင်ရွက်ရေး၊ ခေတ်မီစက်ကိရိယာများ အသုံးပြုရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည်။

ယင်းသို့ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များအတွက် လိုအပ်သည့် ငွေကြေးဝန်ဆောင်မှုပေးရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍက အဓိကဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများကို အထောက်အကူပြုနိုင်ရန်၊ ပြည်တွင်း ပြည်ပ၌ မြန်မာကျပ်ငွေတန်ဖိုး ပိုမိုခိုင်မာတည်တံ့ရေးအတွက် ဘဏ်များအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်တို့အတွက် မြန်မာနိုင်ငံဘဏ်များအသင်းကို ၁၉၉၉ ခုနှစ်မှစတင် ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံဘဏ်များအသင်းကို ဖွဲ့စည်းပေးထားသဖြင့် ဘဏ်တစ်ခုနှင့်တစ်ခု ကူညီရိုင်းပင်းရေး၊ ပြည်သူများက ဘဏ်ကိုအားထားအသုံးပြုသည့်အလေ့အထ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုးတက်ပြောင်းလဲနေသော ဘဏ်လုပ်ငန်းစနစ်နှင့်အညီ ဘဏ်ဝန်ထမ်းများ အရည်အသွေးနှင့် အရည်အချင်းပါ မြှင့်တင်ပေးနိုင်ရေးအတွက် ဘဏ်လုပ်ငန်းသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

ဘဏ်များအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ပေးလျက်ရှိရာ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ဘဏ်လုပ်ငန်းဆိုင်ရာ ငွေရေး ကြေးရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ပြည်သူများအား စိတ်ချမ်းမြေ့မှုပေးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ၏ အကျိုးစီးပွားအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိသည့် ဘဏ်များအနေဖြင့် မြန်မာနိုင်ငံဘဏ်များအသင်း၏ ရည်ရွယ်ချက်များနှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍအောင်မြင်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲများ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများ သတင်းပို့ရန်နှိုးဆော်

ရန်ကုန် မတ် ၂၀

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ပြိုင်ပွဲများမှ အောက်ဖော်ပြပါ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို သတင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမ တင်အောင်စိုး(ပန်းမြို့တော်)၊ ဒုတိယ စိုးပိုင်ယွန်း၊ တတိယ ရဲရဲထွန်း(ဟသ်ာတ)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ မောင်ချိုဝေ၊ ဒုတိယ နွေးထက်လှိုင်၊ တတိယ မိုးမြင့်စံ၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမ မမြဝင်း(အောင်နန်း/ရှေ့)၊ ဒုတိယ ဆူးခါးဘုန်းမြင့်၊ တတိယ မသန်းအိ (ပုလဲဖြူ)၊ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ မောင်ကျော်မောင်မောင်စိန်၊ ဒုတိယ မောင်ထက်အောင်ဟိန်း၊ တတိယ မောင်ကျော်ဖြိုးခိုင်တို့က အသီးသီးရရှိကြသည်။

ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အဆင့်မြင့်ပညာ အဆင့်တွင် ပထမ မောင်ဝင်းကျော်သူ၊ ဒုတိယ မောင်အဲဗားကျော်၊ တတိယ မောင်တင့်ထူးနိုင်၊ အခြေခံပညာ အဆင့်တွင် ပထမ မောင်ထက်ပိုင်ကျော်၊ ဒုတိယ မောင်ဆလိုင်းဆမ်စမ်မြတ်ထွန်း၊ တတိယ မောင်သော်ဇင်ထွဋ်တို့က အသီးသီးရရှိကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ "ခေတ်မီဘက်စုံတည်ဆောက်ရေး" ခေါင်းစဉ်ဖြင့် ဆုရပြီးသူများအတန်းတွင် ပထမ ညောင်ဦးဖိုချို၊ ဒုတိယ ရွှေအင်းသားခင်မောင်ဝင်း၊ လူသစ်တန်းတွင် ပထမ ထင်အောင်(အင်းစိန်)၊ ဒုတိယ ကိုဦး၊ တတိယ တက္ကသိုလ်ဟန်မင်းဦး (Best Photo)၊ **"ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု"** ခေါင်းစဉ်ဖြင့် ဆုရပြီးသူများအတန်းတွင် ပထမ ရွှေအင်းသားခင်မောင်ဝင်း၊ ဒုတိယကျော်သာ (ဟိုက်ချင်း)၊ တတိယ ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)၊ လူသစ်တန်းတွင် ပထမ တက္ကသိုလ်ဟန်မင်းဦး (Best Photo)၊ ဒုတိယ ကိုစိန်ငွေး၊ တတိယ ပြည်စိုးထွန်း(ပန်းချီကော့သောင်း) တို့က အသီးသီးရရှိကြသည်။

စစ်ချီတေးပြိုင်ပွဲတွင် ပထမ ဒီဃဦး၊ ဒုတိယ ဝင်းထွန်း(မြဝတီ)၊ တတိယ လေးနိုင်မင်း(မြဝတီ)၊ စစ်ရေးတေး အဆင့်(၁)ပြိုင်ပွဲတွင် ပထမ တက္ကသိုလ်အေးကို၊ ဒုတိယထွန်းထွန်းမင်း၊ တတိယ မခင်မြသက်နှင်း၊ စစ်ရေးတေး အဆင့်(၂)ပြိုင်ပွဲတွင် ပထမ ပွင့်သစ်ဦး(ကလေးဝ)၊ ဒုတိယ မအေးမြတ်သူ(ယုကီ)၊ တတိယ စောလှထွန်းတို့က အသီးသီးရရှိကြသည်။

ဖော်ပြပါပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကိုယ်တိုင် ဆုတက်ရောက်ယူရမည်ဖြစ်သဖြင့် ၂၃-၃-၂၀၀၆ ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း ဦးကိုကိုထွေး အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လာရောက် သတင်းပို့ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆)
(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများ ဟောပြောပို့ချ

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် မတ် ၁၆ရက် မွန်းလွဲပိုင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်သော E-government သင်တန်းမှ သင်တန်းသားအရာရှိ ၅၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ဟောပြောပို့ချသည်။

အလားတူ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်သည် မတ် ၁၇ရက် မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၆)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၄၀)၊ (၄၁)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၀)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁)တို့မှ သင်တန်းသား ၁၅၅ဦးတို့အား အမျိုးသားရေးမူဝါဒများနှင့် နိုင်ငံတော်၏ကဏ္ဍစုံ ဖွံ့ဖြိုးမှုများအကြောင်းကို ဟောပြောပို့ချသည်။

ထို့အပြင် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသား ၁၀၀တို့အား အမျိုးသားရေး မူဝါဒနှင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများ အကြောင်းကို ဟောပြောပို့ချသည်။ (သတင်းစဉ်)

ပုံနှိပ်ထုတ်ဝေအသင်း မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ ပုံနှိပ်ရေးနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)က နှစ်စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာလွှာမဂ္ဂဇင်းကို ၂၀၀၆ ခုနှစ်အတွက် အမှတ်(၆)အဖြစ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို/ရှည်၊ ဘာသာပြန်စာမူများကို နှစ်စဉ်ပါဝင်ရေးသားနေသော စာရေးဆရာကြီးများအပြင် အခြားပညာရှင် များထံမှလည်း စာမူများ ဖိတ်ခေါ်ထားပြီး ကြော်ငြာ လုပ်ငန်းရှင်များကိုလည်း အားပေးကူညီရန် စာလွှာကော်မတီက နှိုးဆော်ထားသည်။ စာမူများနှင့် ကြော်ငြာများကို အမှတ်-၁၅၂ (မြေညီ)၊ ၃၇ လမ်း(လယ်)၊ ကျောက်တံတား၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၆၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

တန်ဖိုးရှိလှ၊ လူငယ်ဘဝ မူးယစ်ကင်းစင်၊ ကျန်းမာမှ

ရရှိပြီးဖြစ်သည့် အေးချမ်းတည်ငြိမ်မှုနှင့် ညီညွတ်မှုကိုအခြေခံပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးသည် တစ်မျိုးသားလုံး၏ တာဝန်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ဒေသဝမ်းစာစပါး ဖူလုံပိုလျှံမှုများ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှကြီးက စပါး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းအပါအဝင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများကိုလည်းကောင်း၊ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက ပြည်နယ်အတွင်းရှိ ဆေးရုံများ၊ ဆေးပေးခန်းများ အခြေအနေ၊ ပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးမှုများ၊ ဆေးရုံအလိုက် ဆေးပဒေသာပင် စိုက်ထူထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးမြတ်ထွတ်က ပြည်နယ်အတွင်း အဆင့်မြင့်ပညာ၊ အခြေခံပညာများ သင်ယူနိုင်မှုအခွင့်အလမ်းများ ကျယ်ပြန့်လာမှု၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူး ဦးကျော်မင်းသိန်းက ပြည်နယ်အတွင်း လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်ပမာဏ တိုးတက်မြင့်မားလာမှုများ၊ ပို့ကုန်ပမာဏ များပြားမှုကြောင့် ပိုငွေပြမှုများ၊ မူဆယ်နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက နိုင်ငံသူ၊ နိုင်ငံသားများ၏ အသား၊ ငါး စားသုံးမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းလာမှုများ၊ လက်ငင်း ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ကာကွယ်ဟန့်တားရန် စီစဉ်ထားမှုများ၊ ဒေသအလိုက် ပြည်သူများအပိုင်းက ဝိုင်းဝန်းပါဝင်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းခုနစ်တိုင်း၊ ပြည်နယ်ခုနစ်ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထူထောင်ထားသည့် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်သည် ပြည်နယ်များအနက် ဧရိယာအကျယ်ဆုံး၊ လူဦးရေအများဆုံးပြည်နယ်ဖြစ်ကြောင်း၊ လူဦးရေ ငါးသန်းကျော်ရှိပြီး ရှမ်း၊ ဗမာ၊ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ လီဆူး၊ အင်းသား၊ ကော၊ ပဒေါင် စသည့် တိုင်းရင်းသားမျိုးစု ၄၀ကျော် အတူတကွ ပူးပေါင်းနေထိုင်ကြသော ပြည်ထောင်စုငယ်တစ်ခုကဲ့သို့ အသွင်ရှိနေသည့် ဒေသဖြစ်ကြောင်း။

ဤကဲ့သို့ များပြားစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်ရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေးတို့အတွက် ကိုလိုနီကျွန်ဘဝမှသည် ခေတ်အဆက်ဆက် ပြောင်းလဲသွားခဲ့သည်အထိ တာဝန်ယူသည့်သူများအပိုင်းက မလုပ်ခဲ့၊ မကိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် အလှမ်းဝေးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ပြင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်မှုများနှင့်ရော ပြည်ပကူမင်တန်လက်နက်ကိုင် ကျူးကျော်မှုနှင့်ပါ ပေါင်းစပ်မိသည့်အခါ ရှမ်းပြည်နယ်သူ၊ ပြည်နယ်သားများသည် အမျိုးမျိုးသော လက်နက်ကိုင်သောင်းကျန်းမှုများ၏ဒဏ်ကို ခါးသီးနာကျင်စွာ နှစ်ရှည် ခံစားခဲ့ကြရကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ရှမ်းပြည်နယ်တွင် ယခင်က သောင်းကျန်းသူများပြားပြီး နယ်မြေလုံခြုံ တည်ငြိမ်အေးချမ်းမှုမရှိခဲ့ခြင်းကြောင့် ဒေသရဲ့ပညာရေး၊ကျန်းမာရေး၊စီးပွားရေး စသည်တို့မှာ အလွန်ပင် ခေတ်နောက်ကျကျန်ခဲ့ရကြောင်း"**၊ ထို့ကြောင့် **"မိမိတို့လက်ထက်တွင်**

လက်တွဲပူးပေါင်းလာ

တစ်ဖက်မှလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ငြိမ်းချမ်းသည့်နိုင်ငံရေးလမ်းစဉ်ဘောင်အတွင်း ရောက်ရှိလာကြပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် လက်တွဲပူးပေါင်းလာကြသည်မှာ ဆယ်စုနှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ လုံခြုံမှု၊ ငြိမ်းချမ်းမှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့၊ ပိုမိုဇောက်ချ လုပ်ကိုင်လာနိုင်ခြင်းဖြစ်ကြောင်း။

တစ်နည်းအားဖြင့်ဆိုလျှင် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်စာနာမှု၊ ကူညီရိုင်းပင်းမှုနှင့် ညီညွတ်မှုတို့သည် လုပ်ငန်းအားလုံးအောင်မြင်ရေး၏ အခြေခံသော့ချက်ဖြစ်သည်ဆိုခြင်းကို ပြဆိုလျက်ရှိကြောင်း။

ထို့ကြောင့် ယနေ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မူဝါဒအရ လက်နက်ကိုင်ဆန့်ကျင်မှုများ ပျောက်ကွယ်လုနီးပါးရှိလာသည်နှင့်အမျှ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြသည့် တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမများအကြား ဆူကြုံနိမ့်မြင့် ကွာဟမှု နည်းနိုင်သမျှနည်းစေရေး၊ အဖြစ်နိုင်ဆုံး တိုင်းရင်းသားလူမျိုးများ မြန်မြန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးသန်းပေါင်းထောင်သောင်းချီသုံးစွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတိုးချထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများနေထိုင်သည့် နယ်စပ်ဒေသများ၌ပါ စားဝတ်နေရေးပြေလည်အောင်၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာအောင်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာအောင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် ကြိုးပမ်းထူထောင်ပေးလျက်ရှိကြောင်း၊ အကြမ်းဖျင်းအားဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ယနေ့အထိ သုံးစွဲခဲ့သည့် ငွေကြေးပမာဏသည် ကျပ်သန်း ၇၅၀၀၀ နီးပါးခန့်ရှိပြီးဖြစ်ကြောင်း။

တာဝန်အသီးသီးရှိ

ဖွံ့ဖြိုးရေးဒေသ ၂၄ ခုဆိုင်ရာ စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် လွှမ်းခြုံနေသည့် ယနေ့ရှမ်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်သည့်အတွက် ငြိမ်းချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို **ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်မြန်ဆန်ဆန်ရရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း"**ဖြင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စေတနာကို ၂၀၀၂ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်တွင် မိန့်ကြားလမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

လက်တွေ့တွင်လည်း နိုင်ငံတော်သည် ရှမ်းပြည်နယ်တစ်ခုလုံး၏ အချက်အချာဒေသအားလုံး ကွက်ပြည့်တစ်ပြိုင်တည်း ဖွံ့ဖြိုးလာရေးအတွက် တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့ထူထောင်ပေးပြီး သက်ဆိုင်ရာ တိုင်း၊ နယ်မြေအလိုက် တိုင်းမှူးအသီးသီးကလည်း အနီးကပ်တာဝန်ရှိရှိ တွန်းအားပေးခြင်း၊ ကြပ်မတ်ခြင်း၊ ပံ့ပိုးအထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ (တောင်ပိုင်း)တို့သည် အပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးလာလျက်ရှိသည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

ရေရှည်ခိုင်ခံ့အောင် ပြုစုပျိုးထောင်သွားကြရန် လိုအပ်သကဲ့သို့ ကာကွယ်ထိန်းသိမ်းသွားကြရန်လည်း ပြည်ထောင်စုသားတိုင်း၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် နိုင်ငံသားတိုင်းတွင် တာဝန်အသီးသီးရှိကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် ပြည်နယ်၊တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် လေ့လာဆန်းစစ်ပြီး အမြဲကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ထို့ကြောင့်လည်း ရှမ်းပြည်နယ်တိုးတက်နေသကဲ့သို့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် စသည့် ပြည်နယ်များရော၊တိုင်းများပါ တောင်ပေါ်မြေပြန့်အားလုံး တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း။

ဦးပဲ့ထမ်းဆောင်ရွက်

ယခုကဲ့သို့ နိုင်ငံတော်ကြီးဘက်စုံ၊ ဒေသစုံမှ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်နေ့တစ်ရက်တည်း တည်ဆောက်၍မရဘဲ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်းအားထည့် အလုပ်လုပ်ပြီး တည်ဆောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏အခြေအနေ၊ မိမိတို့တိုင်းရင်းသားလူမျိုးတို့၏ဘဝကို နားမလည်ဘဲ မိမိတို့နိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရုပ်သေးရုပ်လို ကြိုးကိုင်အသုံးချနိုင်ရန် ကြိုးပမ်းနေကြသည့် နိုင်ငံကြီးအချို့၏ ပိတ်ဆို့ကန့်သတ် တားဆီးမှုများကြောင့် နိုင်ငံခြားအကူအညီ အထောက်အပံ့မရဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့်ပင် နိုင်ငံတော်ကြီးကို ကြိုးပမ်းတည်ဆောက်နေချိန်တွင် အားလုံးတက်ညီလက်ညီ ဦးပဲ့ထမ်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများအားလုံး၊ နိုင်ငံ့ဝန်ထမ်းအားလုံး တက်ညီလက်ညီကြိုးစားပမ်းစား တည်ဆောက်လုပ်ကိုင်နိုင်သည့် အမျိုးသားရေးစွမ်းအားများကြောင့်လည်း နိုင်ငံတော်သည် ဘက်စုံမှထင်ရှားသည့် တိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိနေခြင်းဖြစ်ကြောင်း။

ပင်ကိုသဘာဝစိတ်ဓာတ်

မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကိုပြန်ကြည့်လျှင် မိမိတို့ တိုင်းရင်းသားလူမျိုးညီအစ်ကိုများသည် ရှေးပဝေသဏီကတည်းက ပြည်ထောင်စုကြီး၏ နေရာဒေသအနှံ့၌ လက်ရည်တစ်ပြင်တည်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး အတူပူးပေါင်းနေထိုင်ခဲ့ကြခြင်းဖြစ်သည့်အတွက် ထိုစဉ်ကတည်းကပင် မိမိတို့၌ အေးအတူ၊ ပူအမျှ ဥမကွဲ၊ သိုက်မပျက်ဆိုသည့် အမျိုးစောင့်တရားရှိပြီးဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားများအတွက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေတ္တာထားမှု၊ သံယောဇဉ်ရှိမှု၊ သစ္စာရှိမှုတို့သည် နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ခိုင်မြဲနေပြီဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းခံတရား၊ အရှိတရားကိန်းအောင်းပြီးဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ပင်ကိုသဘာဝ စိတ်ဓာတ်မျိုးပဲဟုပင် သတ်မှတ်နိုင်ကြောင်း။

သို့ရာတွင် ကိုလိုနီတို့၏ ပယောဂကြောင့် သံသယများပွားများပြီး အချင်းချင်း မယုံမကြည်၊ သွေးကွဲခဲ့ရသည့်အဖြစ်များကို ရင်ဆိုင်ခဲ့ကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ တပ်မတော်အစိုးရလက်ထက်၌ ဤကဲ့သို့ အဖြစ်ဆိုးများကို ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ပြန်လည်ပေါင်းစည်းညီညွတ်ရေးကို စိတ်ဓာတ်စေတနာမှန်ဖြင့် မဖြစ်မနေ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ရရှိပြီးဖြစ်သည့် အေးချမ်းတည်ငြိမ်မှုနှင့် ညီညွတ်မှုတို့ကို အခြေခံပြီး နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ရေးသည် တစ်မျိုးသားလုံး၏ သမိုင်းပေးတာဝန်လည်းဖြစ်ကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

လေပွေနှောက်လည်း မကြောက်ပါ

❖ **ကိုယ့်ရပ်ကိုယ့်မြေ၊ ကိုယ့်လူတွေချင်း**
ရင်းရင်းနှီးနှီး၊ စည်းစည်းလုံးလုံး
ပြုံးပြုံးရွှင်ရွှင်၊ တိုင်ပင်နှီးနှော
စောကြောချင့်ချိန်၊ အရှိန်ကောင်းခိုက်
လေပွေတိုက်ပြီး
ရိုင်းမိုက်လုစွာ၊ ကြိုးပမ်းလာသည်
မှန်တာမပါ၊ အစီရင်ခံစာရေး
လူ့အခွင့်အရေး–တဲ့။

❖ **ဒီနေ့မြန်မာ၊ နှစ်တစ်ရာက**
ဂုဏ်ဝါကင်းမဲ့၊ နယ်ချဲ့လက်အောက်
ကျွန်သပေါက်များ၊ ထင်မထားနဲ့။

❖ **လွတ်လပ်မြန်မာ၊ ဖြစ်တာကြာလို့**
ဘယ်ရွာဘယ်လူ၊ ဘယ်သူတစ်တွေ
စိတ်နေစိတ်ရင်း၊ သူ့ခံတွင်းက
ရင်တွင်းစကား၊ ဘယ်အစားလဲ
ကြားလိုက်တာနဲ့ သိပါ၏။

❖ **တမင်လုပ်ထား၊ စကားလေပွေ**
မွှေချင်သလိုမွှေ
ဒို့တစ်တွေမမှု
ဒို့ရှေးရှုရာ၊ စခန်းသာသို့
ညီညာတွဲလက်၊ မြဲခိုင်လျက်ဖြင့်
ဆက်ချီတက်မှာ ကြည့်နေပါ။ ။

ပျံလွှား

လက်နက်ဖျက်သိမ်းရေး ကုလလက်ထောက်အတွင်းရေးမှူးချုပ်အဖြစ် ဂျပန်သံတမန်တစ်ဦးအား ခန့်အပ်

ကုလသမဂ္ဂ မတ် ၁၉

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဂျပန်သံတမန်တစ်ဦးဖြစ်သူ နိုဘူတာကီ တာနာကာအား လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်ရာထူးတွင် သောကြာနေ့က ခန့်အပ်လိုက်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထမ်းဆောင်

တာနာကာသည် ၂၀၀၄ ခုနှစ် ဇူလိုင်လမှ ယခုအချိန်အထိ ပါကစ္စတန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ တာနာကာသည် ဧပြီ ၆ ရက်တွင် ကုလသမဂ္ဂ၏ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် ရာထူးတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အသက် ၅၉ နှစ်အရွယ်ရှိ တာနာကာသည် ဂျပန်နိုင်ငံသားဖြစ်သည့် နိုဘူယာစုအာဘေး၏ နေရာတွင် ဆက်ခံမည်ဖြစ်သည်။

အာဘေးသည်ပြီးခဲ့သည့် ဇန်နဝါရီလက လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ပြည်တွင်းဖြစ် ကွန်ပျူတာများကို ဝယ်ယူသူများစိတ်ဝင်တစား လေ့လာနေကြသည်ကို မတ် ၁၉ ရက်က တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်။

အမျိုးသား ရေသဘင်ပွဲတော်လ မလေးရှားမြို့မြို့ရွာရွာ ဆင်နွှဲမည်

ကွာလာလမ်ပူ မတ် ၁၉

မလေးရှားနိုင်ငံသည် ဧပြီလကို အမျိုးသားရေသဘင်ပွဲတော်လအဖြစ် သတ်မှတ်ထားပြီး ရေကစားသည့် ပွဲများကို ကျင်းပကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူ တစ်ဦးက မတ် ၁၇ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ ပီနန်ပြည်နယ်တွင် ဧပြီ ၂ ရက်၌ ရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည့်အခါ ပြည်နယ်အကြီးအကဲ တွန်ကူဆာယိဒ်ဆီရာဂျူဒင်က ရေသဘင်ပွဲတော်ကို ဖွင့်လှစ်ပေးမည်ဟု မျှော်လင့်ရသည်။

ရေသဘင်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီကိုယ်တိုင် တက်ရောက်ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားရေသဘင်ပွဲတော်သည် နိုင်ငံတော်၏ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲ အခမ်းအနားများအဖြစ် ကမ္ဘာ့လှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်ကြောင်း မလေးရှား ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ပီနန်ပြည်နယ်တွင် သုံးရက်ကြာကျင်းပမည့် ရေသဘင်ပွဲတော် အခမ်းအနားကို တရားဝင်ဖွင့်လှစ်ခြင်းမပြုမီ မတ် ၃၁ ရက်တွင် ပီနန်ပြည်နယ်မြို့တော်ကွန်တန်၌ ရေကစားမှု စတင်မည်ဖြစ်သည်။

ပီနန်ပြည်တွင် ရေသဘင်ပွဲတော် ကျင်းပပြီးနောက် နိုင်ငံအလယ်ပိုင်းဒေသတွင် တည်ရှိသော ဆီလန်ဂါပြည်နယ်တွင် ဧပြီ ၇ ရက်မှ ၉ ရက်အထိ ရေသဘင်ပွဲတော်ဆင်နွှဲမည်ဖြစ်သည်။

နိုင်ငံတောင်ပိုင်းရှိ နီဂရီဆက်ဘီလန်ပြည်နယ်တွင်မူ ဧပြီ ၁၄ ရက်မှ ၁၆ရက်အထိ ရေသဘင်ပွဲတော်ကို ကျင်းပမည် ဖြစ်သည်။ နိုင်ငံမြောက်ပိုင်းရှိ ကီဒါပြည်နယ်တွင်မူ ဧပြီ ၂၀ရက်မှ ၂၂ရက်အထိ ရေကစားကြမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး တွန်ကူးက ပြောကြားသည်။

ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ မလေးရှားနိုင်ငံ အရှေ့ပိုင်း လာဘွန်းကျွန်းတွင် ရေသဘင်ပွဲတော်ပိတ်ပွဲအခမ်းအနားကို ကျင်းပရန် စီစဉ်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားနိုင်ငံဆာဘားဒေသမှ ကချေသည်တစ်စုကို မတ် ၁၉ရက်က တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်။

ဂျာမနီနိုင်ငံ၏ ကလေးမွေးဖွားနှုန်း ၂၀၀၅ခုနှစ်၌ အနိမ့်ဆုံးအထိ ကျဆင်း

ဘာလင် မတ် ၁၉

ဂျာမနီနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းသည် လွန်ခဲ့သည့်နှစ်တွင် ဒုတိယကမ္ဘာစစ်ကာလနောက်ပိုင်း အနိမ့်ဆုံးအထိ ကျဆင်းသွားကြောင်း ဗဟိုစာရင်းရုံးက သောကြာနေ့က ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

ဥရောပတိုက်တွင် စီးပွားရေးအရ အင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က ကလေးဦးရေ ၆၉၀၀၀၀ ခန့် မွေးဖွားခဲ့ရာ ကလေးမွေးဖွားမှုနှုန်းမှာ အမျိုးသမီးတစ်ဦးလျှင် ၁ ဒသမ ၃၆ ဦးနှုန်းဖြစ်ကြောင်း၊ ယင်းမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် အနိမ့်ဆုံးပင်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးပြည်ပပို့ကုန်တင်ပို့မှု အထောက်အကူပြုရန် ပင်လယ်ဆိပ်ကမ်းများ ပြန်လည်တည်ဆောက်မည်

ရီယိုဒီဂျနေးရိုး မတ် ၁၉

ဘရာဇီးနိုင်ငံသည် ပြည်ပပို့ကုန်တင်ပို့ရေးလုပ်ငန်းအတွက် အထောက်အကူပြုနိုင်စေရန် အဓိကကျသည့် ပင်လယ်ဆိပ်ကမ်း ၁၁ ခုကို ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း သမ္မတ လူးဝစ်အင်နာစီယိုလူးလာ ဒါဆေးလ်ဗားက သောကြာနေ့တွင် ပင်လယ်ဆိပ်ကမ်းမြို့ကြီး တစ်မြို့သို့ သွားရောက်စဉ် ပြောကြားသည်။

ဘရာဇီးနိုင်ငံ ဆန်တာ ကာတာရီးနားပြည်နယ် အီတာဂျေးစီးတီးရှိပင်လယ်ဆိပ်ကမ်း၏ အရွယ်အစားကို နှစ်ဆတိုးချဲ့မည်ဖြစ်ကြောင်း ဘရာဇီးသမ္မတက ပြောကြားသည်။

ဘရာဇီးနိုင်ငံရှိ ပင်လယ်ဆိပ်ကမ်း ၁၁ ခုကို ပြန်လည်တည်ဆောက်သွားနိုင်ရန် အထူးလုပ်ငန်းအဖွဲ့ တစ်ဖွဲ့ကို ထူထောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူမှောင်ခိုတိုက်ဖျက်ရေးဥပဒေကြမ်း ကမ္ဘောဒီးယားလွှတ်တော် အတည်ပြုမည်

ဖနောင်ပင် မတ် ၁၉

ကမ္ဘောဒီးယားနိုင်ငံ၏ လူမှောင်ခိုတိုက်ဖျက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးတော့မည်ဖြစ်ကြောင်း ကမ္ဘောဒီးယား သတင်းသုံးသပ်ချက် အမည်ရှိ စာစောင်က စနေနေ့တွင် ရေးသားဖော်ပြသည်။

ရေးသားဖော်ပြ

လူမှောင်ခိုတိုက်ဖျက်ရေးနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းဆိုင်ရာ တားဆီးကာကွယ်ရေးဥပဒေအရ ရဲတပ်ဖွဲ့သည် သင်္ကာမကင်းဖွယ်ရာ လူများကို စုံစမ်းစစ်ဆေးနိုင်ခွင့်၊ ထိန်းသိမ်းနိုင်ခွင့်ရှိမည်ဖြစ်ကြောင်း အဆိုပါ စာစောင်တွင် ရေးသားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် စစ်ပွဲကြောင့် ထိခိုက်သေဆုံးရသူ အခြေပြဇယား

(၂၀-၃-၂၀၀၃ မှ ၂၀-၃-၂၀၀၆ အထိ)

နိုင်ငံ	သေဆုံးသူဦးရေ
အီရတ်ပြည်သူ	၃၇၇၉၅
အီရတ်ရဲတပ်ဖွဲ့ဝင်	၁၉၁၄
အမေရိကန်တပ်ဖွဲ့ဝင်	၂၃၁၈
ဗြိတိသျှတပ်ဖွဲ့ဝင်	၁၀၃
အခြားတပ်ဖွဲ့ဝင်	၁၀၄

သမ္မတဘုရှ်အပေါ် အမေရိကန်ပြည်သူအများစု မထောက်ခံ ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူ ၃၇၇၉၅ ဦး အသက်ဆုံးရှုံး

ရန်ကုန် မတ် ၂၀

အီရတ်နှင့် အမေရိကန်နိုင်ငံအတွင်းရှိ လုံခြုံရေး အခြေအနေများဆိုးရွားနေမှုကြောင့် အမေရိကန်ပြည်သူတို့၏ အမျက် ဒေါသထွက်မှုများ ကြီးထွားလာလျက်ရှိကြောင်း လတ်တလောစစ်တမ်းတစ်ရပ်က ဖော်ပြနေသည်ဟု သိရသည်။ သမ္မတ ဘုရှ်အပေါ် အမေရိကန်ပြည်သူများ၏ ထောက်ခံမှုမှာ ထပ်မံကျဆင်းလျက်ရှိပြီး အမေရိကန်ပြည်သူအများစုက လာမည့် နိုဝင်ဘာလ နှစ်လယ် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကို မဲပိုပေးမည့် အရိပ်လက္ခဏာများ ပြလျက်ရှိသည်။

အမေရိကန်ပြည်သူများ၏ သမ္မတဘုရှ်အပေါ် ထောက်ခံမှုမှာ ၃၆ ရာခိုင်နှုန်းမျှသာ ရှိတော့ရာ ၎င်း၏ သမ္မတသက်တမ်းအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျရောက်သွားခြင်းဖြစ်ကြောင်း နယူးစ်ဝိခ်မဂ္ဂဇင်းက ပြုလုပ်သည့် စစ်တမ်းက ဖော်ပြနေသည်။ သမ္မတဘုရှ်က အီရတ်စစ်ပွဲအပေါ် ထောက်ခံအားပေးကြရန် မိန့်ခွန်းများ တစ်သီတစ်တန်းကြီး ပြောကြားနေသော်လည်း စစ်တမ်းအရ ၆၅ ရာခိုင်နှုန်းက လုံးဝမထောက်ခံကြောင်း သိရသည်။

အမေရိကန်တို့ ဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲသုံးနှစ်မြောက်ကြာညောင်းလာချိန်တွင် ဖြစ်ပေါ်လာမည့် အကျိုးရလဒ်များအပေါ် အမေရိကန်ပြည်သူအများစုက သံသယဝင်လျက်ရှိသည်။ အီရတ်တွင် ပြည်တွင်းစစ်ဖြစ်လုနီးပါး အခြေအနေဆိုးရွားလျက်ရှိရာ အမေရိကန်ပြည်သူတို့၏ သဘောထားမှာ အီရတ်စစ်ပွဲဆင်နွှဲမှုအပေါ် လုံးဝအကောင်းမမြင်သလောက်ရှိနေကြောင်း သတင်းတစ်ရပ်က ဆိုသည်။

အီရတ်ကျူးကျော်စစ်ကြောင့် မတ် ၁၆ရက်အထိ အပြစ်မဲ့အီရတ်ပြည်သူ ၃၇၇၉၅ ဦးခန့် အသက်ဆုံးရှုံးရပြီး အမေရိကန်တပ်ဖွဲ့ဝင် ၂၃၁၈ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **အင်တာနက်။**

အီရတ်စစ်ပွဲဖြစ်ပွားမှု သုံးနှစ်ပြည့်မြောက် ကမ္ဘာတစ်ဝန်းတွင် စစ်ဆန့်ကျင်ရေးဆန္ဒပြ

အီရတ်စစ်ပွဲဆန့်ကျင်သူ ထောင် ပေါင်းများစွာက အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ပြုလုပ်သည့် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ချီတက်နေကြသည်ကို မတ် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးယောက် မတ် ၁၉

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားမှု သုံးနှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ကျင်းပကြသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ တိုင်းမ်စ်စကွဲယားရင်ပြင်အနီးတွင် ပြုလုပ်သည့် ဆန္ဒပြပွဲ၌ သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်ကို ရှုတ်ချကြပြီး အီရတ်မှ အမေရိကန်တပ်ဖွဲ့ ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်။ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ ရှိနေသမျှကာလပတ်လုံး ယင်းနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု ရှိမည်မဟုတ်ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

အမေရိကန်အစိုးရသည် အီရတ်နိုင်ငံရှိ ၎င်း၏တပ်ဖွဲ့များကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း စစ်ဆန့်ကျင်ရေးအဖွဲ့တစ်ဖွဲ့က တောင်းဆိုလိုက်သည်။ ဆန္ဒပြသမားများသည် **"ဘုရှ် ရာထူးမှ ဆင်းပေး" "ဘုရှ်ကို စွဲချက်တင်ကာ ပါလီမန်၌စစ်ဆေးပေး" "အီရန်ကိစ္စ အမေရိကန်ဝင်မရှုပ်ပါနှင့်"** စသည့် ပိုစတာများကို ကိုင်ဆောင်ကာဆန္ဒပြကြသည်။

ဟောလိဝုဒ်တွင်ပြုလုပ်သည့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် နာမည်ကျော် အနုပညာရှင်များ ပါဝင်ဆန္ဒပြကြသည်။

အီတလီ၊ ဗြိတိန်၊ စပိန် စသည့် ဥရောပနိုင်ငံများတွင်လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ပြုလုပ်ကြသည်။ အီတလီနိုင်ငံရောမမြို့တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြရာ၌ လူသိန်းနှင့်ချီကာပါဝင် အင်အားပြခဲ့ကြသည်။ လန်ဒန်တွင်ပြုလုပ်သော ဆန္ဒပြပွဲတွင်လူပေါင်း ၁၅၀၀၀ခန့် ပါဝင်ဆန္ဒပြကြပြီး စစ်ဆန့်ကျင်ရေးကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည်။

အင်တာနက်။

စပိန်နိုင်ငံ မဒရစ်မြို့တွင် ပြုလုပ်သည့် အီရတ်စစ်ပွဲသုံးနှစ်ပြည့် နှစ်ပတ်လည်နေ့၌ စစ်ဆန့်ကျင်ရေးဆန္ဒပြနေကြသည်ကို မတ် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဇီလန်နိုင်ငံ ရာအိုကျွန်းမှ ရုတ်တရက်လှုပ်ရှားလာသော မီးတောင်ဝကို မတ် ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဇီလန်နိုင်ငံမှ ကျွန်းတစ်ကျွန်းတွင် မီးတောင်ပေါက်ကွဲ

ဝယ်လင်တန် မတ် ၁၉

ဝေးလံသီခေါင်သည့် ပစိဖိတ်ကျွန်းတစ်ကျွန်းတွင် သောကြာနေ့က မီးတောင် ပေါက်ကွဲခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံသား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ထမ်းတစ်ဦး ပျောက်ဆုံးနေပြီး အခြားငါးဦးကို ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်းပေးလိုက်ရသည်။

မီးတောင်ပေါက်ကွဲပြီးသည့်နောက် ရေနွေးငွေ့၊ ပြာပူများကျဆင်းပြီး ကျွန်းပေါ်ရှိ ကန်တစ်ခုမှ ရွှံ့များစီးဆင်းခဲ့သဖြင့်ရဟတ်ယာဉ်တစ်စင်းကို ကာမေဒက်ကျွန်းစုများမှ ရာအိုကျွန်းသို့ စေလွှတ်ပေးခဲ့သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနက ပြောကြားသည်။

နယူးဇီလန်အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀၀ခန့်တွင် တည်ရှိသည့် အဆိုပါ ကျွန်းပေါ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းခြောက်ဦး လုပ်ငန်းများ လုပ်ကိုင်နေသည်။

ဝန်ထမ်းတစ်ဦးသည် အဆိုပါ ကျွန်းပေါ်ရှိ ရေကန်တစ်ခုမှ ရေအပူချိန်စစ်ဆေးရန်အတွက် ပုံမှန်လုပ်ငန်းဆောင်ရွက်ရန် ထွက်ခွာသွားခဲ့ပြီးနောက် ပျောက်ဆုံးခဲ့သည်ဟု အဆိုပါဌာနက ပြောကြားသည်။

ပျောက်ဆုံးနေသည့် ဝန်ထမ်းရှိမည့်နေရာကို စုံစမ်းရန်အတွက် ဝန်ထမ်းနှစ်ဦး ခရီးထွက်သွားကြရာ လမ်းမှာ ဖြတ်သန်းမရဖြစ်ပြီး နောက်ထပ်မီးတောင် ပေါက်ကွဲမှုကြောင့် နောက်ပြန်ဆုတ်ခဲ့ရသည်ဟု ဖော်ပြပါဌာနမှ ပြောရေးဆိုခွင့်ရှိသူ လစ်ဇ်မိုင်ရီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆေးခြောက် ၁ ဒသမ ၅ တန် ပါရာဂွေး၌ သိမ်းဆည်းရမိ

ဗျူနိုစ်အေးရီးစ် မတ် ၁၉

ပါရာဂွေးနိုင်ငံ ရဲတပ်ဖွဲ့သည် ဆော်လတိုဒီဂွာအိရာဒေသတွင် ဆေးခြောက် ၁ ဒသမ ၅ တန်ကို သိမ်းဆည်းရမိလိုက်ကြောင်း မြို့တော်အဆန်းရှင်းက ပေးပို့သော သတင်းများအရ သိရှိရသည်။

သိမ်းဆည်းရမိ

ပါရာဂွေးနိုင်ငံ ပါရာနာမြစ်တွင် ကင်းလှည့်လျက်ရှိသော ကမ်းခြေစောင့်တပ်ဖွဲ့သည် မှောင်ခိုသမားများကို ကြာသပတေးနေ့ နံနက်ပိုင်းတွင် တွေ့ရှိခဲ့ကြောင်း၊ မှောင်ခိုသမားများနှင့် တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်း၊ နောက်ဆုံးတွင် မှောင်ခိုသမားများက ၎င်းတို့၏ ပစ္စည်းများကို စွန့်ပစ်ပြီးထွက်ပြေးသွားကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မှောင်ခိုသမားများ စခန်းချခဲ့သည့်နေရာတွင် ဆေးခြောက် ၁ ဒသမ ၅ တန်ကို သိမ်းဆည်းရမိလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစာအိမ်အူရောင်ရောဂါ အိန္ဒိယ၌ ဖြစ်ပွား

နယူးဒေလီ မတ် ၁၉

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရပ်ရှ်တရာပြည်နယ် မွမ်ဘိုင်းမြို့၌ အစာအိမ် အူရောင်ရောဂါဖြစ်ပွားသဖြင့် လူနှစ်ဦးသေဆုံးခဲ့ပြီး လူ ၁၀၀ ကို ဆေးရုံသို့ တင်ပို့ထားရကြောင်း နယူးဒေလီရုပ်မြင်သံကြားဌာန(အင်ဒီတီဗွီ)က ကြာသပတေးနေ့တွင် ကြေညာသည်။

အရေးပေါ်ကုသမှုအတွက် ပံ့ပိုးမှုများ ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ အထူးကြပ်မတ်ကုသဆောင်ရှိ လူနာများအတွက်လည်း ပံ့ပိုးမှုများ စီစဉ်ပေးထားပြီးဖြစ်ကြောင်း၊ အခြေအနေကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း မဟာရပ်ရှ်တရာပြည်နယ် ကျန်းမာရေးဝန်ကြီး ဗီမားလ်မွန်ဒါးဒါး၏ ပြောကြားချက်ကို ကိုးကားလျက် အင်ဒီတီဗွီက ဖော်ပြသည်။

လောလောဆယ်တွင် ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် အစာမစားမီလက်ကို စင်ကြယ်စွာ ဆေးကြောကြရန်၊ လမ်းဘေးမှ အစားအစာများကို စားသောက်ခြင်း မပြုလုပ်ကြရန်၊ ပူပူနွေးနွေး ချက်ပြုတ်ထားသည့် အစားအစာများကို စားသောက်ကြရန်နှင့် ရေကိုကျိုချက်ပြီးမှ သောက်သုံးကြရန် ဆရာဝန်များက ပြည်သူများကို အကြံပြုထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



တရားမဝင် ဝင်ရောက်မှု စပိန်နှင့် မော်ရီတေးနီးယား ပူးပေါင်းတိုက်ဖျက်မည်

ဒါကာ မတ် ၁၉

ဥရောပနိုင်ငံများအတွင်းသို့ ပင်လယ်ရေကြောင်းလမ်းမှတစ်ဆင့် အာဖရိကတိုက်သားများ တရားမဝင် ဝင်ရောက်မှုကို တိုက်ဖျက်နိုင်ရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း စပိန်နှင့် မော်ရီတေးနီးယားနိုင်ငံတို့၏ သောကြာနေ့က ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အာဖရိက အနောက်ပိုင်းနိုင်ငံများမှ နေ၍ စပိန်နိုင်ငံရှိ ကနေရီကျွန်းစုသို့ မော်ရီတေးနီးယားနိုင်ငံ မြောက်ပိုင်း ကမ်းရိုးတန်းဒေသမှတစ်ဆင့် တရားမဝင် ခိုးဝင်နေမှုကို ရပ်တန့်အောင် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်သူများကို ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် အစီအစဉ် တစ်စိတ်တစ်ဒေသအရ ကင်းလှည့်ရေယာဉ်လေးစင်းကို မော်ရီတေးနီးယားနိုင်ငံသို့ ပေးအပ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွစ်ဇာလန်နိုင်ငံ အင်ဒါမက်နှင်းလျှောစီးစခန်းတွင် နှင်းများအရည်ပျော်ကျနေသဖြင့် ပလတ်စတစ်အကာများ အသုံးပြု၍ ကာကွယ်တားဆီးနေသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

‘လူ့အခွင့်အရေး’ သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၃)

ဤကမ္ဘာပေါ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုအများဆုံးဟု ကမ္ဘာက ရှုမြင်ထားသောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။ **(အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို လာမည့်ဆောင်းပါးတွင် တင်ပြသွားပါမည်။)** အမေရိကန် နိုင်ငံခြားရေးဌာန၏ ၂၀၀၆ခုနှစ် မတ်လ၉ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ၂၀၀၅ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ၁၆–၃–၂၀၀၆ရက်နေ့ထုတ် ကြေးမုံ၊ မြန်မာ့အလင်း၊ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့တွင် ဖတ်ရှုလိုက်ရသည်။ ယင်းသတင်းထုတ်ပြန်ချက်မှာ ဤသို့ဖြစ်၏။

“အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ခုနှစ် မတ်လ ၉ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့် စာတမ်း တစ်ရပ်သာ ဖြစ်ပါသည်။”

“လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးမှ အဖွဲ့အစည်းအများစုသည် ဥပဒေဘောင်အတွင်း ဝင်ရောက်နေကြသည်နှင့်အညီ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရချိန်ကစပြီး ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများ ရရှိနေပါသည်။ အစိုးရသည် ထိုအဖွဲ့အစည်းများနှင့် လက်တွဲကာ ၎င်းတို့နေထိုင် ကြသည့် အစွန်အဖျား နယ်စပ်ဒေသများတွင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် လျစ်လျူရှုထားခြင်း ခံနေရသည့် ၎င်းတို့၏လူနေမှုအဆင့်အတန်းများ မြှင့်တင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါသည်။”

“၂၀၀၅ခုနှစ်အတွင်း အမျိုးသားညီလာခံကြီးကို နှစ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းမည့် မူကြီးများအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အတည်ပြုချမှတ်ခြင်းများအတွက် တိုးတက်မှုများ အထင်အရှားရရှိခဲ့ပါသည်။ ထိုညီလာခံသို့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ ပါဝင်သည့် ကိုယ်စားလှယ် တစ်ထောင် တက်ရောက်ခဲ့ကြပါသည်။”

“အစိုးရသည် ပြည်သူလူထုကြီးတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ကျန်းမာရေးနှင့် ပညာရေးအပါအဝင် လူမှုရေးဝန်ဆောင်မှုကဏ္ဍများတွင် တိုးတက်မှုများလည်း ရရှိနေပါသည်။”

“မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကထက် မည်သည့်ပြည်ပနိုင်ငံကမျှ ပို၍ သယ်ပိုးဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်ချက်တစ်ရပ်သာ ဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများကို မသိကျိုးကျွန်ပြုထားပါသည်။”

“သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့် အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ပါသည်။”

၂၀၀၆ခုနှစ် မတ်လအတွင်း မိမိတို့ မလိုလားသော နိုင်ငံများကို လုပ်ကြံလီဆယ် စွပ်စွဲပုတ်ခတ်ထားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူ့အခွင့်အရေးအစီရင်ခံစာကို အစွပ်စွဲခံရသော နိုင်ငံအားလုံးက လုံးဝလက်မခံဘဲ ပယ်ချခဲ့သည်ကို သတင်းမီဒီယာများ၌ ဆက်တိုက် ဖတ်ရှုကြားသိနေရသည်။

* ကျူးဘားနိုင်ငံက အမေရိကန် လူ့အခွင့်အရေးအစီရင်ခံစာကို စူးစူးဝါးဝါး ကန့်ကွက်ပယ်ချသည်။ ထို့ပြင်မက အမေရိကန်သည် ကုလသမဂ္ဂက အဆိုပြုထားသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ထူထောင်ဖွဲ့စည်းမည့် အစီအစဉ်အပေါ် ယင်း၏ နယ်ချဲ့ အကျိုးစီးပွားကိုကြည့်ပြီး ပယ်ချရန် ကြံရွယ်နေကြောင်းဖြင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ ယခုရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို အစား ထိုးရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ

တဏ္ဍသိုလ်မြတ်သူ

ဖြစ်သူ ဂျန်အီလီယက်ဆန်က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဖွဲ့စည်းရေး အဆိုပြုမှုအပေါ် အမေရိကန်က ဆန့်ကျင်မဲပေးရန် စီစဉ်နေသည်ဟု ကျူးဘားက ထုတ်ဖော်ပြောကြားသည်။ လက်ရှိ လူ့အခွင့်အရေး ကော်မရှင်သည် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ ခြယ်လှယ်မှုကို ခံနေရမှုကြောင့် ဂုဏ်သိက္ခာမရှိ ဖြစ်နေသည်။ နယ်ချဲ့စနစ်၏ ဗိုလ်ကျ စိုးမိုးရေးနှင့် နိုင်ထက်စီးနင်းပြုမှုအပေါ် ဆန့်ကျင်သည့် မည်သည့်နိုင်ငံကိုမဆို ဘေးဖယ်ထားနိုင်မည့် စည်းမျဉ်းများဖြင့် ဆောင်ရွက်နေ သည်။ ၎င်းတို့၏ စည်းမျဉ်းများနှင့်ကိုက်ညီသည့် နိုင်ငံများကိုသာ အဖွဲ့ဝင်အဖြစ် ရွေးချယ်ရန် အမေရိကန်အစိုးရက အမိအရ တောင်းဆိုနေသည်ဟု ကျူးဘားက ကြေညာသည်။

(ကြေးမုံ၊ ၄–၃–၂၀၀၆ စာမျက်နှာ ၅)

* တောင်အမေရိကတိုက်မှ ရေနံအထွက်ကောင်းသော ဗင်နီဇွဲလားနိုင်ငံအား အမေရိကန်က လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် စွပ်စွဲပုတ်ခတ်သည်ကို ဗင်နီဇွဲလားနိုင်ငံသမ္မတ ချာဗက်ဇ်က ပြင်းထန်စွာ တုံ့ပြန်ပယ်ချခဲ့သည်။ ထို့ပြင်မက အမေရိကန် စီအိုင်အေထောက်လှမ်းရေးအေဂျင်စီ ညွှန်ကြားရေးမှူး နီဂရိုးပွန်တီ၏ စွပ်စွဲပုတ်ခတ်ချက်များကို တုံ့ပြန်ရင်း သမ္မတချာဗက်ဇ်က နီဂရိုးပွန်တီသည် ကလိမ်ကကျစ် နိုင်သူတစ်ဦးဖြစ်ပြီး ဟွန်ဒူရပ်စ်မှ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုတွင် ပါဝင်ပတ်သက်သည်ဟု ဗင်နီဇွဲလား ဒုတိယသမ္မတ ဟိုဆေးဗီစင့်ရမ်ဂဲက ဝေဖန်လိုက်ကြောင်း မတ်လ ၃ရက်နေ့ ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **(ကြေးမုံ၊ ၅–၃–၂၀၀၆ စာမျက်နှာ ၅)**
* ရုရှားနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပုံများကို အမေရိကန်နိုင်ငံခြားရေးဌာနက ဝေဖန်တာဟာ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရေးကို ထိခိုက်နိုင်တယ်လို့ ရုရှားက ပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနက လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ရာမှ ရုရှားရဲ့ လူ့အခွင့်အရေးချိုးဖောက်ပုံတွေကို ထောက်ပြထားပါတယ်။ အဲဒီအစီရင်ခံစာမှာ အဖြစ်မှန် တွေကို တလွဲရေးထားပြီး လိုတစ်မျိုး၊ မလိုတစ်မျိုး ရေးထားတယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောပါတယ်။ အဲဒီ အစီရင်ခံစာတွေမှာ အမေရိကန်ပေါ်လစီဟာ ဘက်လိုက်ကြောင်း၊ ရုရှားဆန့်ကျင်ရေး စိတ်ဓာတ်တွေကို အားပေးတာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောပါတယ်။

(၁၁–၃–၂၀၀၆ အမေရိကန်အသံ ဗွီအိုအေသတင်း)

* ဗီယက်နမ်နိုင်ငံနှင့်ပတ်သက်၍ ၂၀၀၅ခုနှစ် လူ့အခွင့်အရေးမှတ်တမ်းအဖြစ် အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာ၌ ဖော်ပြထားမှုများကို ဗီယက်နမ်နိုင်ငံက ပယ်ချလိုက်ကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ်လ၉ရက်နေ့၌ ပြောကြားလိုက်သည်။ ၎င်းအစီရင်ခံစာသည် ချဲ့ကားရေးသားထားခြင်းဖြစ်ပြီး မိမိလိုရာ ကောက်ချက်ဆွဲထားခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ပြောခွင့်ရသူ လီဒေါင်က ပြောကြားသည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့် အခြားနိုင်ငံများနည်းတူ နေထိုင်လုပ်ကိုင်ခွင့်၊ လွတ်လပ်ခွင့်များ ပေးထားကြောင်း၊ သမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးစနစ်များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားမှုရှိမည်ဖြစ်သော်လည်း အခြားနိုင်ငံများနှင့်လည်း နီးနီးကပ်ကပ် ဆက်ဆံရေး ကောင်းမွန်အောင် လုပ်ဆောင်နေကြောင်းဖြင့် လီဒေါင်က ပြောသည်။ **(မြန်မာ့အလင်း၊ ၁၂–၃–၂၀၀၆ စာမျက်နှာ ၄)**
* ဖိလစ်ပိုင်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်ချက်ကို ဖိလစ်ပိုင်အစိုးရက မတ်လ၁၀ရက်နေ့တွင် ပယ်ချလိုက်ပြီး ဖိလစ်ပိုင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ဟု အမေရိကန်အစိုးရက ဖော်ပြခဲ့ခြင်းသည် မရေမရာနှင့် မျှတမှုမရှိဘဲ ဖော်ပြခဲ့ခြင်းသာ ဖြစ်ကြောင်း ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကျင့်သုံးနေသည့် ဒီမိုကရေစီသည် အစဉ်အမြဲတိုးတက်ဖြစ်ထွန်းမှုရှိနေပြီး ပြည်သူ့ရုံးဌာနအဖွဲ့အစည်းများမှာလည်း ထင်သာမြင်သာရှိကြကာ တရားဥပဒေနှင့် ညီညွတ်မှုရှိကြောင်းဖြင့် ဖိလစ်ပိုင်သမ္မတ အာရိုယို၏ ပြောခွင့်ရသူ အစ်ကနေစီယိုဘန်ယီက ပြောကြားသည်။ **(ကြေးမုံ၊ ၁၃–၃–၂၀၀၆ စာမျက်နှာ ၄)**
* အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ် အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် လူ့အခွင့်အရေးကို ချိုးဖောက်နေသည်ဟု စွပ်စွဲချက်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအား ထိုင်းနိုင်ငံက မတ် ၁၁ရက်နေ့၌ ပြစ်တင်ဝေဖန်ပြောဆိုလိုက်သည်။ အခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို မိမိနိုင်ငံ၏ အခြေအနေနှင့် လိုက်ပြီး ဆုံးဖြတ်ခြင်းသည် မမှန်ကန်နိုင်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန၏ အစီရင်ခံစာတွင် အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာသည် အမှန်တရားနှင့် အလွန်ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနှင့် စရိုက်လက္ခဏာများရှိကြောင်း၊ တခြားနိုင်ငံ တစ်နိုင်ငံ၏ အဆင့်အတန်းနှင့် နှိုင်းယှဉ်၍မရနိုင်ကြောင်း၊ အမေရိကန်အစီရင်ခံစာသည် မမှန်ကန်ကြောင်း၊ ထိုင်းနိုင်ငံ၏ အခြေအနေမှန်နှင့် မကိုက်ညီကြောင်း ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရသူ ဆီဟာဆက်က ပြောကြားသည်။

(မြန်မာ့အလင်း၊ ၁၄–၃–၂၀၀၆၊ စာမျက်နှာ ၅)

အမေရိကန်သည် အရှေ့တောင်အာရှ ၁၀နိုင်ငံတွင် ၁၉၅၀ ပြည့်လွန်နှစ်များက ဆီးတိုး (South East Asia Treaty Organization) အရှေ့တောင်အာရှ စာချုပ်အဖွဲ့ခေါ် (စစ်အုပ်စု) ဖွဲ့ပြီး စစ်ရေးစိုးမိုးရန် ကြံရွယ်ခဲ့သည်။ ဒေသပြင်ပ ခြောက်နိုင်ငံ ပါဝင်ပြီး ဒေသတွင်းမှ နှစ်နိုင်ငံသာပါသဖြင့် ပျက်လျှော့သွားခဲ့သည်။ အရှေ့တောင်အာရှ ၁၀ နိုင်ငံစုစည်းခဲ့သော အာဆီယံခေါ် အရှေ့တောင်အာရှအသင်းတွင် ဟိုနိုင်ငံမပါစေနဲ့၊ သည်နိုင်ငံထုတ်ပစ်ဟု စွက်ဖက်လာခဲ့သည်။ အာဆီယံက လက်မခံသောအခါ အာဆီယံ ဖြိုခွဲရေးကို အားသွန်လုပ်လာသည်။ အာဆီယံနိုင်ငံများစွာတွင် ဆန္ဒပြဆူပူပွဲများကို မီဒီယာများမှတစ်ဆင့် လှုံ့ဆော်ကာ ဒေသတွင်း မတည်ငြိမ်အောင် ဖန်တီးလျက်ရှိနေသည်။ ယခုနှစ်အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာ၌ ပြစ်တင်စွပ်စွဲထားသော အာဆီယံ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

၁၉၉၀ပြည့်နှစ်ဝန်းကျင်မှစပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများတွင် အမေရိကန်နှင့်ဥရောပက မိမိတို့လူများ ထိုးသွင်းနေရာယူစေနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ပစ်မှတ်နိုင်ငံများမှ အတိုက်အခံ၊ ဆန့်ကျင်ဘက်၊ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးများကို ဒီမိုကရေစီရေး လှုပ်ရှားသူများအဖြစ် ဗန်းတင်ပေးကာ ယင်းအဖွဲ့များ၏ အစည်းအဝေး၊ ညီလာခံများသို့ တက်ရောက်ခွင့်ရအောင် ယင်းအဖွဲ့များရှိ ၎င်းတို့ လူများမှတစ်ဆင့် လုပ်ဆောင်ပေးခဲ့သည်။

✳ စာမျက်နှာ ၃ မှ

စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှု၊ စိတ်ဓာတ် ကောင်းမွန်မှုတို့သည် တစ်မျိုးသားလုံး၏ နိုင်ငံရေးစွမ်းအားဟု ခေါ်ဆိုနိုင်ကြောင်း။

ဤနိုင်ငံရေးစွမ်းအားဖြင့်ပင် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ နယ်မြေဒေသအလိုက် စီးပွားရေး ဖူလုံပိုလျှံအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ မည်သူ့အပေါ်မှ မှီခိုအားထားမျှော်လင့်မနေဘဲ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားများဖြင့်သာ အားထုတ်လုပ်ကိုင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလားအလာကောင်းများရှိ

နယ်စပ်ဖြတ်ကျော် ကုန်သွယ်ဖွံ့ဖြိုးမှုအလားအလာ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ လယ်ယာကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်မှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ နယ်မြေတာဝန်ခံများ၏ တီထွင်ကြံဆ လုပ်ကိုင်စီမံနိုင်မှုတို့ကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သည် ရှေ့တွင် ပိုမိုတိုးတက်မည့် အလားအလာကောင်းများရှိနေကြောင်းကို သုံးသပ်တွေ့ရှိရကြောင်း။

ဤအလားအလာကောင်းများကို အခြေခံပြီး ဒေသ၏ အခြေအနေအရ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းတို့ကိုရော၊ နှစ်ရှည် ရော်ဘာပင်တို့ကိုပါ စီမံချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးသွားသကဲ့သို့ ဘိန်းအစားထိုးသီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်ရေး၊ သီးနှံတစ်ဧက အထွက်နှုန်းတိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ သားငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးတို့ကိုပါ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် ဇီဝဒီဇယ်ဆီကို ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ခံယူပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရန်လိုကြောင်း။

သို့မှသာ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်၏ ပြောင်းလဲမှုများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ရှေ့တန်းကျကျ လိုက်နိုင်မည်ဖြစ်ကြောင်း။

မြန်မြန်ဆန်ဆန်ဖွံ့ဖြိုး

ယနေ့နိုင်ငံတော်သည်လည်း ဦးဆောင်မှုကောင်း၊ မူဝါဒကောင်းများနှင့် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မှု၊ အလုပ်လုပ်နိုင်မှုတို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍစုံမှ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေခြင်းဖြစ်ကြောင်း။

ပို့ကုန်၊ သွင်းကုန်ရှင်းတမ်း၌ ပို့ကုန်ပမာဏများလာမှု၊ နိုင်ငံခြားငွေပေးငွေယူ ရှင်းတမ်း၌ ပိုငွေပြနေမှု၊ ဘတ်ဂျက်လိုငွေ တစ်နှစ်ထက်တစ်နှစ် လျော့နည်း ကျဆင်းလာမှု၊ ကုန်ထုတ်လုပ်မှု တိုးတက်နေမှုတို့ကြောင့် စီးပွားရေးမျက်နှာစာတွင် နိုင်ငံတော်သည် တိုးတက်မှုရာခိုင်နှုန်းကောင်းကောင်းဖြင့် အောင်မြင်မှုများရရှိလျက်ရှိကြောင်း၊ နိုင်ငံအဝန်း လိုအပ်နေသည့် စီးပွားရေးအခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံနှင့် အရေးပါသည့် ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများကိုလည်း ပြည့်စုံလုနီးပါး တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ စီးပွားရေးတောင့်တင်းခိုင်မာမှုအတွက် အခြေခံများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံများ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု အခြေခံများ စသည့် အခြေခံကောင်းများအပေါ် အားယူပြီး နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရန် နိုင်ငံရေး လုပ်ငန်းအစီအစဉ်အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက် (၄)ရပ်အနက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးဆိုသည့် တတိယနှင့်စတုတ္ထ နိုင်ငံရေးဦးတည်ချက်များကို လက်တွေ့ကျသည့် အစီအစဉ်များဖြင့် ပုံဖော်နေခြင်းဖြစ်ကြောင်း။

အတွေ့အကြုံရှိပြီးဖြစ်

မိမိနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးအချိန်မှစပြီး ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုကလည်းမရှိ၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝကလည်း တိုးတက်လာမှုမရှိ၊ ပညာရည်အဆင့်အတန်းကလည်း မပြည့်ဝသည့်အတွက် ပါတီစုံ ပါလီမန်ဒီမိုကရေစီ ရေစုန်မျောခဲ့ရသည့် အတွေ့အကြုံရှိပြီးဖြစ်ကြောင်း။

ဒီမိုကရေစီထွန်းကားရေး၏ အခြေခံအကြောင်းတရားများသည် တိုင်းပြည်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့လက်ဝယ် ပိုင်ပိုင်နိုင်နိုင် ရရှိပြီးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးဖူလုံခိုင်မာရေးတို့ကို ဆက်လက်ပြီး ပြည့်စုံသည်ထက် ပြည့်စုံအောင်၊ ခိုင်မာသည်ထက် ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ မိမိတိုင်းပြည်၊ မိမိလူမျိုး တိုးတက်ရေး၊ အဆင့်အတန်းရှိရှိ၊ အေးအေးချမ်းချမ်း နေထိုင်နိုင်ရေးအတွက် စေတနာအရင်းခံပြီး ကြိုးစားလုပ်ဆောင်မှုများကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဆိုးမြင်ဝါဒီများ အဖျက်သမားများကို သတိထားဖော်ထုတ် ဖယ်ရှားသွားရန်လည်း လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဒေသခံပြည်သူများ ကြီးပွားချမ်းသာရေး၊ အေးချမ်းတည်ငြိမ်လုံခြုံစွာ နေထိုင်သွားလာရေးတို့အတွက် နိုင်ငံတော်အပိုင်းက တာဝန်ကျေပွန်သကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း အပြန်အလှန် တာဝန်ကျေပွန်စွာ ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ယနေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေကြသည့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အထက (၇) စာစစ်ဌာနသို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ် အထက (၁၃) စာစစ်ဌာနသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အထက (၈)စာစစ်ဌာနသို့လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အထက(၂)နှင့် အထက(၁၄) စာစစ်ဌာနများသို့လည်းကောင်း ရောက်ရှိပြီး စာမေးပွဲ ကြီးကြပ်ရေးမှူးများနှင့်အတူ စာမေးပွဲစည်းကမ်းအတိုင်း စနစ်တကျနှင့် အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝိုင်းဝန်းကူညီ

ထို့နောက် ဝန်ကြီးသည် စာစစ်ဌာနများရှိ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာဆောင်ရွက်ကြရန်၊ စာမေးပွဲဖြေဆိုသူများ စိတ်လက်ကြည်သာစွာ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် အလှူဒါယကာများက ထီးတော်တင်လှူနေစဉ်။ (ကြေးမုံ)

ဆတ်သွားကျေးရွာမင်းဘုံကျော်စေတီတော်ကြီး ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်

ရန်ကုန် မတ် ၂၀

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ မင်းဘုံကျော်စေတီတော်မြတ်ကြီးကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အသစ်ပြန်လည်ပြုပြင်တည်ထားပြီးပြီဖြစ်ရာ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲကို မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့) နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

နေ့လယ်ပိုင်းတွင် မင်းဘုံကျော်စေတီတော်အနီးရှိ ဂန္ဓာရုံဘုံကျော်တောရကျောင်းတိုက် (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက အထူးတရားပွဲ ဟောကြားချီးမြှင့်ပြီး ကျောင်းတိုက် သံဃာတော်များအတွက် သင်္ကန်းအစုံ ၁၀၀၊ ပစ္စည်းလေးပါး ပဒေသာပင်အတွက် ကျပ် ၁၀ သိန်း၊ စာကူးစက်တစ်လုံးနှင့် ကွန်ပျူတာပရင်တာတစ်လုံး လှူဒါန်းခဲ့သည်။

မင်းဘုံကျော်စေတီတော်မြတ်ကြီးကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး တက်လမ်းဆောက်လုပ်ရေးမိသားစု၊ ဒေါ်ကျင်လှ၊ သား ကိုဌေးမြင့် မိသားစုနှင့် ရွှေပါရမီ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ကျပ် သိန်း ၃၆၀ ကျော် အကုန်အကျခံကာ ပြန်လည်ပြုပြင်တည်ထားခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

အလိုတော်ပြည့် ဆရာတော်အား အိန္ဒိယနိုင်ငံမှ အမြင့်ဆုံးဘွဲ့ ချီးမြှင့်

ရန်ကုန် မတ် ၂၀

ပြည်တွင်းပြည်ပ သာသနာပြု ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသအား မတ် ၉ရက်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ The United Buddhist Samgha Council of India. (The Supreme Buddhist Samgha Council) မှ စတုတ္ထမြောက် ဆရာတော်အဖြစ် "Doctor of Tripitaka" (Tripitaka Mahapandita) ဘွဲ့ကို ဆရာတော်၏ ပြည်တွင်းပြည်ပ နယ်စပ်ဒေသပါမကျန် ကမ္ဘာအနှံ့အပြားသို့ ထိထိရောက်ရောက် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သာသနာပြုလုပ်ဆောင်မှုများကို ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ခြင်းအတွက် ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါ The United Buddhist Samgha Council of India. (The Supreme Buddhist Samgha Council) ကို အိန္ဒိယနိုင်ငံ၌ ၁၉၈၃ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး အဆိုပါဘွဲ့ကို The United Buddhist Samgha Council of India. (The Supreme Buddhist Samgha Council) မှ ပေးအပ်ရာတွင် ဓမ္မာစရိယတက္ကသိုလ်အဓိပတိ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသအား ချီးမြှင့်ခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ချီးမြှင့်ခံရသော ဆရာတော်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ အရှင်သူမြတ်၏ သက်တော်(၈၀) ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် ဘွဲ့တံဆိပ်တော်ရ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ သိက္ခာထပ်ပွဲကို မတ် ၁၉ ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပရာ သာသနာ့နုဂ္ဂဟဘွဲ့ရ သုဓမ္မသီဂီဒေါ်နုနုငယ်အား ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ နာယက ဒေါ်မြင့်မြင့် ဂုဏ်ပြုလွှာနှင့် ဆုတံဆိပ်များချီးမြှင့်စဉ်။ (က-ပ)

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

နိုင်ငံအရေးအတွက် ပိုများလာသည်။ စွပ်စွဲခံနိုင်ငံများကလည်း ဆတ်ဆတ်ထိမခံ ဒေါသတကြီး ပယ်ချပစ်ခဲ့ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၄၈ခုနှစ်တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီး ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ခဲ့စဉ် လူသားအားလုံး၊ နိုင်ငံအားလုံး၊ ကမ္ဘာ့ပြည်သူအားလုံး အနှောင်အဖွဲ့ ကိုလိုနီနှောင်ကြိုး ကင်းဝေးလွတ်လပ်ကြစေရန် ရည်ရွယ်သောစာတမ်းဖြစ်၍ အမေရိကန်နှင့် ဥရောပနိုင်ငံကြီးများက ဆန့်ကျင်ခဲ့ကြ၊ ချိုးဖောက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၉၀ပြည့်နှစ်ဝန်းကျင်မှစပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများတွင် အမေရိကန်နှင့်ဥရောပက မိမိတို့လူများ ထိုးသွင်းနေရာယူစေနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ပစ်မှတ်နိုင်ငံများမှ အတိုက်အခံ၊ ဆန့်ကျင်ဘက်၊ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးများကို ဒီမိုကရေစီရေး လှုပ်ရှားသူများအဖြစ် ဗန်းတင်ပေးကာ ယင်းအဖွဲ့များ၏ အစည်းအဝေး၊ ညီလာခံများသို့ တက်ရောက်ခွင့်ရအောင် ယင်းအဖွဲ့များရှိ ၎င်းတို့လူများမှတစ်ဆင့် လုပ်ဆောင်ပေးခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၊ အိုင်အယ်လ်အို စသည့် အဖွဲ့များတွင် ၎င်းတို့လူများက တွင်ကျယ်နိုင်ချိန်မှစပြီး အမေရိကန်၏ ပစ်မှတ်နိုင်ငံများကို လူ့အခွင့်အရေးချိုးဖောက်မှု၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုတို့ဖြင့် လုပ်ကြံဖန်တီးစွပ်စွဲလာခဲ့သည်။ ထို့ကြောင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်သည် ဂုဏ်သိက္ခာညှိုးနွမ်းလာခဲ့ရတော့သည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစု၏ဆန္ဒအရ အထွေထွေညီလာခံဥက္ကဋ္ဌ ဂျန်အီလီယက်ဆန်က လက်ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ထူထောင်ရန် အဆိုပြုလာခြင်းဖြစ်သည်။ အမေရိကန်က ထိုအစီအစဉ်ကို မလိုလား၊ လက်ရှိ ၎င်းတို့ခြယ်လှယ်ချုပ်ကိုင်နိုင်သော ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကိုသာ ဆက်လက်အသုံးပြုလိုသည်။ ယမန်နှစ်များက နိုင်ငံတကာသတင်းများတွင် တရုတ်နိုင်ငံကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် ဆုံးဖြတ်ရှုတ်ချရန် အမေရိကန်က အဆိုပြုလိုက်၊ ကော်မရှင်က ဆုံးဖြတ်ပေးလိုက်လုပ်ခဲ့ပုံများကိုလည်းကောင်း၊ ယခုနှစ်၌ တရုတ်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က အရေးယူရန် အမေရိကန်အနေဖြင့် အဆိုမပြုသေးဟု ပြောသည့်အတိုင်း ကော်မရှင်က တရုတ်လူ့အခွင့်အရေးကိစ္စကို ဘေးဖယ်ပေးနေပုံများကိုလည်းကောင်း အားလုံးကြားသိကြပြီးဖြစ်သည်။

မတ်လ ၁၆ရက်နေ့ ဗွီအိုအေက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသစ် ထူထောင်ရန် အထွေထွေညီလာခံကြီးတွင် ထောက်ခံမဲ ၁၇၀၊ ကန့်ကွက်မဲ လေးမဲ၊ မဲမပေးဘဲနေသော သုံးနိုင်ငံတို့ဖြင့် တစ်ခဲနက် အတည်ပြုခဲ့ကြောင်း ထုတ်လွှင့်သွားသည်။ ကန့်ကွက်သော လေးနိုင်ငံမှာ အမေရိကန်၊ အစ္စရေး၊ မာရှယ်ကျွန်းနိုင်ငံနှင့် ပါလာအူလ်နိုင်ငံတို့ဖြစ်သည်။ မဲမပေးသော သုံးနိုင်ငံမှာ ဗင်နီဇွဲလား၊ ဘီလာရုစ်နှင့် အီရန်တို့ဖြစ်ကြသည်ဟု ဖော်ပြထားသည်။ လက်ရှိလူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်အများစုမဲဖြင့် ရွေးချယ်သော ကော်မရှင်ဝင်နိုင်ငံများတွင် အမေရိကန်အစိုးရ မလိုလားသည့် ကျူးဘား၊ လစ်ဗျား စသည်တို့ပါတိုင်း အမေရိကန်က ကန့်ကွက်ခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆောင်ရွက်မှုနှင့် အမေရိကန်၏ ဗိုလ်ကျစွက်ဖက်ရေး မူဝါဒဆက်စပ်ရန် အမေရိကန်အစိုးရက လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

စိုက်ပျိုးမြေ ပေါ်များသည့်အပြင် သဘာဝမြေအနေအထားအရရော၊ ပေါက်ရောက်ဖြစ်ထွန်းမှုအရပါ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့သည် ရေ့တန်းမှနေ၍ ကြက်ဆူပင်များ စိုက်ပျိုးလျက်ရှိ

*** ခြံစည်းရိုးကြက်ဆူမှ**

ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ရမည်ဟူသည့် လမ်းညွှန်မှာကြားချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ယန္တရားများအတွက် ဇီဝလောင်စာဆီရရှိရန် မိမိတို့ပြည်နယ်၌ မြေလွတ်မြေလပ် ဧကရှစ်သိန်းကျော်ရှိရာ နိုင်ငံတော်၏ တာဝန်ပေးမှုအတိုင်း ခြံစည်းရိုးကြက်ဆူဧက ငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့အထိ ခြံစည်းရိုး ကြက်ဆူပင် ဧက ၁၆၇၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ပျိုးပင်မျိုးကိုင်းများကိုလည်း စုဆောင်းပျိုးထောင်ထားပြီး ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်ပျိုးခြံများထူထောင်၍ ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး တင်ဝင်းက ဇီဝလောင်စာ ကြက်ဆူဆီထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်၏ ဒေသအသီးသီး၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် တူတူညီညီ တက်တက်ကြွကြွ စိုက်ပျိုးလျက်ရှိကြကြောင်း၊ စိုက်ပျိုးမြေပေါ်များသည့်အပြင် သဘာဝမြေအနေအထားအရရော ခြံစည်းရိုးပင် ပေါက်ရောက်ဖြစ်ထွန်းမှုအရပါ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့သည် ရှေ့တန်းမှနေ၍ ကြက်ဆူပင်များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြကြောင်း၊ ဇီဝလောင်စာ ကြက်ဆူဆီဖြင့် မီးစက်၊ ရေစက်၊ ထော်လာဂျီယာဉ်တို့၌ မောင်းနှင်အသုံးပြုနိုင်သဖြင့် ပြည်သူအများစု နေထိုင်ရာ ကျေးလက်ဒေသအတွက် များစွာအသုံးတည့်သည်သာမက နောင်တွင် စီးပွားဖြစ်ထွန်းသည့် ကုန်ထုတ်လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်မည့်အခြေအနေ အလားအလာကောင်းများရှိသဖြင့် စိတ်အားထက်ထက်သန်သန်ဖြင့် ကြိုးပမ်းစိုက်ပျိုးသွားကြရန် မှာကြားသည်။

တက်ရောက်အားပေး

ထို့နောက် စံပြ ဧက ၁၀၀ ကြက်ဆူစိုက်ခင်းအတွင်း၌ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့် ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကြက်ဆူပျိုးပင်များကို ဝေငှပေးစဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကြက်ဆူပျိုးပင်များကို ဝေငှပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခြံစည်းရိုး ကြက်ဆူဇီဝလောင်စာဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နိုင်မှု ပြသချက်များ၊ ခြံစည်းရိုးကြက်ဆူဆီကို အသုံးပြု၍ ပြောင်းခြွေစက်နှင့် ပြောင်းစေ့အရွယ်အစားရွေးစက် အသုံးပြုနိုင်မှုများ၊ ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုနိုင်သည့် မီးစက်များ၊ ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းနှင့် ပျိုးပင်များ၊ ရှစ်နာရီလျှင် ခြံစည်းရိုးကြက်ဆူဆီ ၁၆ ဂါလန်နှင့် ဂါလန် ၂၀ ကျသည့် ကြက်ဆူဆီကြိတ်စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူနှင့် သီးညှပ်အပင် ၅၀၀၀ သုတေသန စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

နှမ်းစပါးစံပြစိုက်ကွင်း

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆင်းရွှေလီ အထူးအထွက်တိုး တစ်ဧက တင်း ၂၀၀၊ နှမ်းစပါး ၇၀၅ ဧက စံပြစိုက်ကွင်းသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက် ဆင်းရွှေလီ တောင်သူလယ်သမားခန်းမ၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စပါးတစ်ဧက အထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် နမ့်ခမ်းမြို့နယ်၌ တစ်ဧကမှ စပါး ၂၄၃ ဒသမ ၈ တင်းထိ ထွက်ခဲ့မှုများ၊ လားရှိုးမြို့နယ် ဟူးမွန်ဆည်ရေသောက်ဒေသ၌ နှမ်းစပါး ၇၀၅ ဧကကို တစ်ဧက တင်း ၂၀၀ ထွက်ရှိရေး စိုက်ပျိုးစမ်းသပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှကြီးက နှမ်းစပါး တစ်ဧက တင်း ၂၀၀ ထွက်ရှိရေး ဆောင်ရွက်လျက်ရှိသည့် ဆင်းရွှေလီ စပ်မျိုးစပါး စိုက်ပျိုးရေးနှင့် စပ်လျဉ်းသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နှမ်းစပါး ၇၀၅ ဧက စံပြ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှမ်းစပါးစိုက်ကွက် အောင်မြင်ဖြစ်ထွန်းမှုများ၊ ဟူးမွန်ဆည်မှ စိုက်ပျိုးရေပေးဝေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ကုန်းမြင့်ယာမြေ

ထို့နောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀ စံပြစိုက်ခင်းစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ကြက်ဆူ၊ လိမ္မော်၊ ကြံ၊ နာနတ်၊ နေကြာ စိုက်ပျိုးပြီးစီးမှုများကိုလည်းကောင်း၊ အထူးအထွက်ကောင်း ကြံနမူနာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တစ်ဧက တန် ၅၀ အထက် အထူးအထွက်ကောင်း ကြံစံပြ စိုက်ခင်းဧက ၃၀ ကြံစိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူနှင့် အုန်းဆံဆိမ့် ရောနှောစိုက်ပျိုးထားမှုနှင့် လေးနှစ်သားအရွယ် အုန်းဆံဆိမ့်ပင်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး စိုက်ခင်းကို မော်တော်ယာဉ်များဖြင့်လည်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကုန်းမြင့် ယာမြေ(၁) ဧက ၁၀၀၀ စံပြစိုက်ခင်း၌ ခြံစည်းရိုး ကြက်ဆူပင် ၁၁၈၈၀၀၊ အုန်းဆံဆိမ့်ပင် ၇၄၀၀၊ ပျားလိမ္မော် ၄၃၂၅ ပင်၊ သစ်ဆိမ့်ပင် ၃၇၅၀၊ ကြံဧက ၃၀၊ နာနတ် ၁၂၅၂၃၅ ပင်၊ ကော်ဖီ ၃၅ဧက၊ နှမ်းစပါး ဆင်းရွှေလီ ဆန်မွှေး ၁၅ ဧက၊ ဆီထွက်နေကြာ ၁၀ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။

စိုက်ခင်းအတွင်း ငါးကန်များတူး၍ တီလားဗီးယားနှင့် ရွှေဝါငါးကြင်းတို့ကိုလည်း မွေးမြူထားသည်။

အစိုးရနည်းပညာကောလိပ်(လားရှိုး)

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(လားရှိုး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ System Engineering Co., Ltd. မှ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်ဆန်းဦးက အစိုးရနည်းပညာကောလိပ်(လားရှိုး) သုံးထပ်ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(လားရှိုး) တာဝန်ခံ ကျောင်းအုပ် ဒေါက်တာဆွေဆွေမော်က ကောလိပ်၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားမှု၊ သင်တန်းကာလများနှင့် ချီးမြှင့်သည့် ဘွဲ့များ၊ ဆရာ၊ ဆရာမအင်အား အခြေအနေများကို ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မေးမြန်းမှာကြားပြီး သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုန်းမြင့်ယာမြေ(၃) ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀၀ စံပြ မျိုးသန့်စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက နှစ်ရှည်ပင်၊ ရာသီသီးနှံပင် စိုက်ပျိုးဖြစ်ထွန်းနိုင်မှု အလားအလာနှင့် လက်တွေ့စိုက်ပျိုးမြေဖော်ထုတ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

အစိုးရနည်းပညာကောလိပ် (လားရှိုး) သုံးထပ်ပင်မအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

ကုန်းမြင့်ယာမြေ (၁) ဧက ၁၀၀၀ စံပြစိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူပင် ၁၁၈၈၀၀၊ အုန်းဆံဆိမ့်ပင် ၇၄၀၀၊ ပျားလိမ္မော် ၄၃၂၅ ပင်၊ သစ်ဆိမ့်ပင် ၃၇၅၀၊ ကြံဧက ၃၀၊ နာနတ် ၁၂၅၂၃၅ ပင်၊ ကော်ဖီ ၃၅ ဧက၊ နှမ်းစပါး ဆင်းရွှေလီ ဆန်မွှေး ၁၅ ဧက၊ ဆီထွက်နေကြာ ၁၀ ဧက စိုက်ပျိုးထား။

တွေ့ဆုံ မှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ လားရှိုးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ အဆင့်မြင့်ဝက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဆင်းရွှေလီ DYL အမျိုးအစား သားခွဲဝက် အကောင် ၅၂၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝက်သားဖွားရုံနှင့် မျိုးဝက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အဆင့်မြင့် ဝက်မွေးမြူရေးခြံ၌ ဆင်းရွှေလီ DYL အမျိုးအစားဝက် ၁၅၀၀ ခန့် မွေးမြူကြောင်း သိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ လားရှိုးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၈ ရက် ညပိုင်းတွင် လားရှိုးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း နှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းတို့သည် မတ် ၁၈ ရက် ညပိုင်းတွင် လားရှိုးမြို့ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ မှာကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်တွင်း၊ပြည်ပ ရတနာကုန်သည် ၂၃၅၉ဦးရောက်ရှိ ကျောက်စိမ်းအတွဲပေါင်း ၂၄၅၉ တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်

ရန်ကုန် မတ် ၂၀

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံ၊ ကုမ္ပဏီ ၄၁၉ ခုမှ ရတနာကုန်သည် ၁၄၇၅ဦးနှင့်ပြည်တွင်းကုမ္ပဏီ ၃၅၅ခုမှ နိုင်ငံသားရတနာကုန်သည် ၈၈၄ဦး စုစုပေါင်းရတနာကုန်သည် ၂၃၅၉ဦးတို့ ရောက်ရှိနေကြပြီဖြစ်သည်။

ထည့်သွင်း

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး မိမိတို့ဝယ်ယူလိုသည့် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲအဆိုပြုလွှာများကို မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမရှိ တင်ဒါပုံးများထဲသို့ ထည့်သွင်းကြသည်။

ရောင်းချမည်

ယနေ့ တင်ဒါစနစ်ဖြင့် အဆိုပြုလွှာတင်သွင်းခဲ့သော ကျောက်စိမ်းအတွဲများကို မတ် ၂၁ရက် နံနက် ၈နာရီတွင် စတင်ရောင်းချမည်ဖြစ်သည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအနေဖြင့် အရည်အသွေး ကောင်းမွန်သည့် အထည်ကျောက်အရိုင်းတုံး၊ ငါးတုံး အပါအဝင် ကျောက်စိမ်းအတွဲ စုစုပေါင်း ၂၄၅၉ တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၂၁ ရက်မှ ၂၄ရက်အထိ ရောင်းချပေးသွားမည် ဖြစ်သည်။

ယခုနှစ် မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများအနက် အခြေခံကြမ်းခင်းဈေး အများဆုံးအဖြစ် ကျောက်စိမ်း အတွဲနံပါတ် ၂၄၂၉သည် ကျောက်စိမ်း အခြမ်းငါးခြမ်းပါဝင်၍ အလေးချိန် ၁၂၅ ဒသမ ၀၀ ကီလိုရှိပြီး အခြေခံ ကြမ်းခင်းဈေး ယူရိုငွေတစ်သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ်(၂၃၂၂)သည် ကျောက်စိမ်း ခြောက်ခြမ်းပါဝင်၍ အလေးချိန် ၂၉၆ ဒသမ ၀၀ ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေရှစ်သိန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ်(၂၄၂၆)သည် ကျောက်စိမ်း အခြမ်းသုံးခြမ်းပါဝင်၍ အလေးချိန် ၉၂ ဒသမ ၀၀ ကီလိုရှိပြီး အခြေခံ ကြမ်းခင်းဈေးယူရိုငွေ ၆၆၈၀၀၀ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ်(၂၃၁၈)သည် ကျောက်စိမ်း အခြမ်းလေးခြမ်းပါဝင်၍ အလေးချိန် ၁၆၅ ဒသမ ၀၀ကီလိုရှိပြီး အခြေခံ ကြမ်းခင်းဈေး ယူရိုငွေ ၃၈၀၀၀၀ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ်(၂၃၃၂)သည် ကျောက်စိမ်း နှစ်ခြမ်းပါဝင်၍ အလေးချိန် ၅၉ ဒသမ ၀၀ ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၂၈၀၀၀ဖြင့် လည်းကောင်း၊ ကျောက်စိမ်း အတွဲနံပါတ်(၂၃၂၄) သည် ကျောက်စိမ်းနှစ်ခြမ်းပါဝင်၍ အလေးချိန် ၉၁ ဒသမ ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၀၀၈၀၀ ဖြင့်လည်းကောင်း ဈေးပြိုင် စနစ်ဖြင့် အသီးသီး တင်ပြရောင်းချ သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ ။

၂၀၀၆-ခုနှစ်၊ မတ်လ (၁၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၂၃၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပုပ္ပားစကားဝါမြေ ဆရာတော်၏ တရားပွဲများ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့လှိုင်မြို့နယ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် မတ် ၂၅ရက်တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ကျောင်းကုန်းရွာမှ ဦးပေါလှိုင်မိသားစု၏ ရဟန်းခံ၊ ရှင်ပြုပွဲ၊ မတ် ၃၀ရက်တွင် ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက် ပန်းခြံ(၁၀) ဓမ္မသဘင်ပွဲ၊ ဧပြီ ၁ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဝါတွင်းဝါပ တနင်္လာဆွမ်းလောင်းအသင်း၊ ဧပြီ၇ရက်တွင် မင်္ဂလာဒုံမြို့နယ် (၂/ခ)ရပ်ကွက် သပြေလမ်း ဓမ္မသဘင်၊ ဧပြီ ၁၀ရက်တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်မှ ကျောက်စိမ်းစားတော်ဆက်မိသားစု၏ ရဟန်းခံ၊ ရှင်ပြုပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်တို့ကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ် ဦးသက်ဆွေ ဦးစီးသော သတင်းနှင့်ပြည်သူ့ဆက်ဆံရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံသို့ မထွက်ခွာမီရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိုင်းနှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြက်ခင်းစိမ်းနဲ့ အိမ်ကလေး (အပိုင်း-၈)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပါရမီရှင်သိုင်းလုလင် (အပိုင်း-၂၆)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိုင်းနှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် လျှပ်စစ်မော်တာထုတ်လုပ်မှုစက်ရုံ အတွင်း လှည့်လည်ကြည့်ရှုစဉ်။
(သတင်းစဉ်)

❀ စိုက်ပျိုးရေးကဏ္ဍမှ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာန/လုပ်ငန်းများ၏ ဖွဲ့စည်းပုံ၊ နိုင်ငံအတွင်း အကြီးစားစက်မှုလုပ်ငန်းစက်ရုံများ တည်ရှိမှု၊ တိုးတက်အကောင်အထည်ဖော်ခဲ့သည့် စက်မှုနယ်မြေများနှင့် ၎င်းစက်မှုနယ်မြေများရှိ စက်ရုံများ၏ အခြေအနေများကို ဗွီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးက အင်းတကော် စက်မှုနယ်မြေကို သံဘီးခွေ၊ ရေတိုင်ကီ၊ သတ္တုဘယ်ယာရင်၊ အင်းလက်နှင့်အိပ်ဇောဘား၊ ဘောဘယ်ယာရင်၊ အလူမီနီယမ်ဝါယာကြိုးများကို စက်စွမ်းအားပြည့်ထုတ်လုပ်ရန်၊ မြင်းကောင်ရေ ၁၈ကောင် ဒီဇယ်အင်ဂျင်များထုတ်လုပ်ပြီး လက်တွန်းထွန်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်များ ထုတ်လုပ်မှုတွင် အသုံးပြုရန်၊ လျှပ်စစ်မော်တာနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းဖြစ်သည့် စက်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရန်၊ ထုတ်လုပ်သည့် ပစ္စည်းများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် ပစ္စည်းအမယ်သစ်များ ထုတ်လုပ်နိုင်သည့် စီမံကိန်းစက်ရုံများ တိုးတက်အကောင်အထည်ဖော်ရန် ရည်မှန်းချက်များထား၍ တည်ထောင်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး အင်းတကော်စက်မှုနယ်မြေအတွင်း စီမံကိန်းများပြီးစီး၍ ထုတ်လုပ်မှု ဆောင်ရွက်လျက်ရှိသည့် သံဘီးခွေ စက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘယ်ယာရင်စက်ရုံ၊ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ အင်းလက်နှင့် အိပ်ဇောဘားစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ၊ သံရည်ကျိုစက်ရုံ၊ အလူမီနီယမ်ဝါယာကြိုးထုတ်လုပ်ရေးစက်ရုံနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနတို့၏ အခြေအနေများကို လည်းကောင်း၊ ယနေ့ဖွင့်လှစ်မည့် လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ၏ စက်ပစ္စည်းဆိုင်ရာ အချက်အလက်များ၊ စက်ရုံအဆောက်အအုံဆိုင်ရာအချက်အလက်များ၊ ထုတ်လုပ်နိုင်မည့်စက် စွမ်းအားစသည်တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ အင်းတကော်စက်မှုနယ်မြေစိမ်းလန်းစိုပြည်ရေးအတွက် ကျွန်းပင်အရိပ်ရပင်များနှင့် သီးပင်စားပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း ဗွီဒီယို ဆလိုက်များဖြင့်အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများကို ထူထောင်ရာ၌ အဓိကအားဖြင့် အရင်းအနှီးနှင့် အတတ်ပညာ ပြည့်စုံရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍအတွက် စက်ကိရိယာပစ္စည်းများ မလွဲမသွေ ဖြည့်ဆည်းထုတ်လုပ်ပေးရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို လျင်လျင်မြန်မြန်ကူးပြောင်းရေး ဆောင်ရွက်ရန် လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း လယ်ယာသုံးစက်ကိရိယာများ၊ ယာဉ်များကို အင်တိုက်အားတိုက် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ကုန်ထုတ်လုပ်မှုနှင့် စပ်လျဉ်းပြီး ပထမအချက်အနေဖြင့် မိမိတို့၏ စက်ရုံများအတွက် အရည်အသွေး အဆင့်အတန်းမြင့်မားသည့်စက်များရရှိရေးနှင့် အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်သည့်ပညာရှင်များ ရှိနေအောင် လေ့ကျင့်မွေးမြူရေးတို့ကို ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

အရည်အသွေး

ဒုတိယအချက်အနေဖြင့် မိမိတို့ထုတ်လုပ်သည့် စက်ကိရိယာပစ္စည်းများသည် နိုင်ငံတော် အစိုးရက ထုတ်လုပ်သည့် ပစ္စည်းများဖြစ်၍ အရည်အသွေးကောင်းမွန်စိတ်ချရပြီး သက်တမ်းပြည့် အသုံးပြုနိုင်သည့် စက်ကိရိယာပစ္စည်းများဖြစ်ရန် လိုကြောင်း။

တတိယအချက်မှာ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ စက်ရုံများအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

စတုတ္ထအချက်အနေဖြင့် လူ၏ပေါ့ဆမှု၊ မသမာမှုများကြောင့် စက်ရုံများ၌ အလေအလွင့်များ မဖြစ်ပေါ်စေရေးကို ဂရုစိုက်ကြပ်မတ်ပေးရန်လိုကြောင်း။

တီထွင်ထုတ်လုပ်

ပဉ္စမအချက်မှာ ဇီဝလောင်စာဆီရရှိရေးအတွက် နိုင်ငံနှင့်အဝန်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သည့် ကြက်ဆူဆီဖြင့် မိမိတို့ထုတ်လုပ်သည့် အင်ဂျင်စက်များ မောင်းနှင်နိုင်ရေး တီထွင်လုပ်ကိုင်ရန် လိုအပ်သည့်အပြင် တစ်ဖက်ကလည်း အင်ဂျင်များကို ကြက်ဆူဆီဖြင့် မောင်းနှင်သည့်အတွက် ကောင်းကျိုးဆိုးပြစ်များကို သုတေသနပြုလေ့လာ၍ စက်ကိရိယာအစိတ်အပိုင်းများ ပြုပြင်ရန် လိုအပ်ပါက ပြုပြင်ထုတ်လုပ်သွားရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနတွင် ပြသထားသော CAD & CAM Computer Room ရှိ ဒီဇယ်အင်ဂျင်ကို CNG ဓာတ်ငွေ့ ပြောင်းလဲသုံးစွဲရာတွင် အသုံးပြုသည့် မော်တော်ယာဉ် ပစ္စတင်များပြုပြင်မှု၊ Metallographic Microstructure Testing Room ရှိ သတ္တုနှင့် သတ္တုစပ်ပစ္စည်းများ ခံနိုင်မှုစွမ်းရည်တိုင်းတာစစ်ဆေးမှု၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းပြခန်းရှိ ထုတ်လုပ်ထားသည့် စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်တာယာ ဆိုဒ်အမျိုးမျိုး၊ Mechanical & Physical Properties Testing Room ရှိ စက်ပစ္စည်းများအား ဆွဲဆန့်နိုင်မှုကို တိုင်းတာစစ်ဆေးစက်၊ Engine Testing Room ၌ အင်ဂျင်များစမ်းသပ်စက်၊ ခြံစည်းရိုး ကြက်ဆူဆီသုံး 80 HP လယ်ထွန်စက်၊ Mini Tractor နှင့် ဧရာ(၁) လယ်ထွန်စက်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် ပုံစံပြောင်း မာဇဒါဂျစ်ကားများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတို့က ထုတ်လုပ်ထားသည့် စက်ကိရိယာပစ္စည်းများ၊ စမ်းသပ်ထုတ်လုပ်သည့် ကြက်ဆူစေ့ခွဲစက်၊ ကြက်ဆူဆီကြိတ်စက်နှင့် ဆီညှစ်စက်၊ ကြက်ဆူဆီမီးဖိုနှင့် အခြားလောင်စာဆီသုံး မီးဖိုများ၏ ဆီကုန်ကျမှု နှိုင်းယှဉ်ချက်၊ ကြက်ဆူဆီသုံး မီးဖိုစမ်းသပ်ချက်များနှင့် ကြက်ဆူဆီသုံး မီးဖိုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁နာရီတွင် အဆိုပါစက်ရုံရှေ့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ပြီး လျှပ်စစ်မော်တာ ထုတ်လုပ်ရေးစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ Angelique International Limited မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ Angelique International Limited မှ Vice President, Mr. Pradeep Kumar Arya တို့က လျှပ်စစ်မော်တာ ထုတ်လုပ်မှုစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ ပြသထားသည့် စက်ပစ္စည်းများနှင့် လျှပ်စစ်မော်တာ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါလျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံမှ Single Phase Electric Motor ခြောက်မျိုးကို တစ်နှစ်လျှင် အလုံး ၃၀၀၀၀ နှင့် Three Phase Electric Motor ခုနစ်မျိုးကို တစ်နှစ်လျှင် အလုံး ၁၀၀၀၀ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သုတေသန ဖွံ့ဖြိုးရေးဌာနတွင်ပြသထားသော ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁–၃–၂၀၀၆ (အင်္ဂါနေ့)

၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၆။ အဆိုးပြိုင်ပွဲ
- ၈:၂၀ ၇။ ဆပ်သွားတံတား
- ၈:၂၅ ၈။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let’s Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ (၂၀၀၅ ခုနှစ်)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅:၂၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၃၀ ၈။ **“အရေးကြီးလို့ပါ” (ခင်လှိုင်၊ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
- ၅:၄၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး”(အပိုင်း–၇၄)**
- ၆:၅၀ ၁၃။ အတီးပြိုင်ပွဲ
- ၇:၀၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၇:၁၀ ၁၅။ သန့်ရှင်းသပ်ရပ်ဖွံ့ဖြိုးသာယာမြို့မန္တလာ
- ၇:၂၀ ၁၆။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၃၀ ၁၇။ ပြည်သူ့အတွက်တပ်မတော် (တပ်မတော်သည် ပြည်သူ့အတွက်)
- ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **“ရုပ်မြင်သံကြားဇာတ်လမ်း” “သူ့ရဲကောင်းများ ထွန်းကားသည်” (အပိုင်း–၂) (ကျော်သူ၊ရန်အောင်၊ဒွေး၊ မင်းမော်ကွန်း၊နိုင်းနိုင်း၊နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊မေသန်းနု၊ မေသဉ္ဇာဦး၊ပန်းဖြူစိုးမြတ်နန္ဒာ) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

➪ စာမျက်နှာ ၁၀ မှ

ဆက်လက်၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံ ဖွင့်ပွဲအခမ်းအနားကို အဆိုပါစက်ရုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ Angelique International Limited မှ Vice President, Mr. Pradeep Kumar Arya တို့က မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ ပြသထားသည့် စက်ပစ္စည်းများနှင့် စက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထုတ်လုပ်ပေးနိုင်

အဆိုပါစက်ရုံမှ လယ်ထွန်စက်၊ တီအီးကားနှင့် ဂျစ်ကားများအတွက် Startor Motor အလုံး ၁၀၀၀၀၊ ထွန်စက်၊ တီအီးကားနှင့် ဂျစ်ကားများအတွက် Alternator အလုံး ၁၀၀၀၀၊ ဓာတ်ဆီသုံးမော်တော်ယာဉ်များအတွက် Ignition Coil အခု ၅၀၀၀ နှင့် ဓာတ်ဆီသုံးမော်တော်ယာဉ်များအတွက် Electronic Fuel Pump အခု ၅၀၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အလူမီနီယမ်ဝါယာကြိုးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး အလူမီနီယမ်ဝါယာကြိုး ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါစက်ရုံမှ ဓာတ်အားလိုင်းသုံး အလူမီနီယမ်ဝါယာကြိုးအမျိုးမျိုးနှင့် လျှပ်စစ်တာဝါတိုင်များကို မိုးကြိုးလွှဲဖြင့် ထိန်းချုပ်ခြင်းအတွက် Stay Wire များအား တစ်နှစ်လျှင် တန် ၁၆၀၀ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လက်တွန်းထွန်စက် အင်ဂျင်စက်ရုံသို့ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ခြစ်စည်းရိုးကြက်ဆူဆီသုံး အင်ဂျင်စက်နှင့် ရေစုပ်စက်၊ ဓရာ(၁) လက်တွန်းထွန်စက်၊ Mini Tractor ၊ ထော်လာဂျီ မီးသတ်ယာဉ်နှင့် စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သော မော်တော်ယာဉ်သုံး လျှပ်စစ်စက်ပစ္စည်းစက်ရုံအား တွေ့ရစဉ်။ (သတင်းစဉ်)

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပလျက်ရှိသော ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်း အချောထည်များ၊ လက်ဝတ် ရတနာများနှင့် ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီဆိုင်များကို လည်းကောင်း၊ ခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်း ကျောက်စိမ်း အရိုင်းတုံးများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် ဈေးပြိုင်ခန်းမ၌ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးရာ**(အပေါ်ဝဲပုံ)** ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး တိုင်းမှူးသည် ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာ ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

သင်္ကြန်တွင်းတရားစခန်းများ ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၀

ပထမ လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး ကမ္မဋ္ဌာန်းရှုနည်းဖြင့် ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်း(ဒလ၊ ပျော်ဘွယ်ကြီး)၏ အနီးကပ်ကြီးကြပ်မှုဖြင့် သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းများကို အင်းစိန်မြို့နယ် ဘိုကုန်းရပ် ဓေယျာသိဒ္ဓိ(မဟာသံ့သာရာဘုရား)ကျောင်းနှင့် ရွှေပြည်သာမြို့ အမှတ်(၃)ရပ်ကွက် မြသိန်းတန် ကျောင်းတို့တွင် ဧပြီ ၁၁ ရက်မှ ဧပြီ ၁၇ ရက်အထိ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဓေယျာသိဒ္ဓိကျောင်း အင်းစိန်သို့ ဧပြီ ၁၀ ရက်နေ့ ညနေ ၅ နာရီ အရောက်နှင့် မြသိန်းတန်ကျောင်း ရွှေပြည်သာသို့ ဧပြီ ၁၁ ရက်နေ့ နံနက် ၇ နာရီအရောက် လာရောက်ကြရန် ဖြစ်သည်။ ဆွမ်းစရိတ် မသတ်မှတ်ကြောင်းနှင့် ဖုန်း-၆၄၂၂၁၃၊ ၆၁၀၈၇၉၊ ၆၁၀၇၁၃ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၆
(အင်္ဂါနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တန်ခိုးတော်အနန္တ ပြည့်ဝ မွန်းထုံရွှေစည်းခုံ
၇း၁၅ ပြည်တွင်းသတင်းအကျဉ်း
၇း၂၅ ကိုရီးယားအာဆီယံ လက်မှုပစ္စည်းပြပွဲ
၇း၄၅ အဆင့်မြင့်လုံခြုံရေးနည်းပညာ
၈း၀၅ တေးဂီတအစီအစဉ်
၈း၁၀ နှစ်ရှည်စီးပွားတိုးစေဖို့ သီဟိုဠ်ပင်ကိုစိုက်ကြစို့
၈း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ ဘိုင်းဒါးရေလှောင်တမံ
၈း၄၀ Video Magazine Vol-I No.2 Part-II
၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ တေးဂီတအစီအစဉ်
၉း၁၅ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန
၉း၂၀ နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (ရွှေလင်းယုံနှင့်သိုးရိုင်း)
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ မိုးလေဝသခန့်မှန်းချက်
၉း၅၀ အမွန်မြတ်ဆုံးလက်ဆောင် (နေရဲလင်း၊နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်-ရှမ်းပြည်)
၁၀း၁၀ Sunday Talk [(ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၁း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅ သင်ယူစရာပန်းချီးပညာ (မှတ်ဉာဏ်ဖြင့်ရေးဆွဲခြင်း)
၁၁း၃၀ တေးဂီတအစီအစဉ်
၁၁း၃၅ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း (သာစည်ဘရိုက်တီး)
၁၁း၅၀ အကပြိုင်ပွဲ
၁၁း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

FA Cup
ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်
၂း၁၀ Birmingham-LiverPool
လိုင်း 5-Sports (Live)

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ တောင်ကြီးမြို့၌ ကျင်းပ

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေးဦးစီးဌာန နဝမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို မတ် ၃ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

အခမ်းအနားတွင် ရှမ်းပြည်နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ စိုင်းခမ်းလှိုင်က ရှမ်းပြည်နယ်အတွင်း အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် ယင်လုံအိမ်သာ နမူနာအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

(ကြေးမုံ)

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၂၀

၂၀၀၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်မည့် (၄၅)နှစ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများမှာ ဂုဏ်ပြုစာပေဆု စိုးအောင်(တိုင်းရင်းဆေး)၊ ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆု ဒေါက်တာလှဖေ(မန္တလေးမြို့)၊ ဒုတိယဆု ဦးသက်ဦး (မြဝတီရုပ်မြင်သံကြား၊ မော်ဘီမြို့)နှင့် တတိယဆု ဒေါ်မေဇော်အောင် (ဗဟန်း ရန်ကုန်မြို့)၊ အထက်တန်းအဆင့် စာစီစာကုံးဆုအတွက် ပထမဆု မောင်သက်ပိုင်စိုး (အထက-၆ ပုသိမ်မြို့)၊ ဒုတိယဆု မောင်သန်းအောင်ဖြိုး (အထက-၂ မြိတ်မြို့) နှင့် တတိယဆု မသဇင်သက်စုတင် (မြို့မ အလက ကျောက်တန်း ရန်ကုန်မြို့) တို့ဖြစ်သည်။

အဆိုပါဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၀၆ ခုနှစ် မတ် ၂၃ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေး ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် မတ် ၂၂ ရက် မတိုင်မီ ကမ္ဘာ့မိုးလေဝသနေ့ ကျင်းပရေးကော်မတီ ဖုန်း ၀၁-၆၆၅၆၆၉၊ ၆၆၀၈၂၄ တို့သို့ ဆက်သွယ်ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လ ဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပြောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မတ် ၁၉ရက်က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားပြရိပ်သာ ဆောက်လုပ်နိုင်ရန်အတွက် အမှတ် (၄၃) ဥသျှဖရားလမ်း ဗဟန်းမြို့နယ်နေ ဒေါ်အေးသန်း မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးကျော်ဦး လက်ခံရယူစဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ (၂၈)ကြိမ်မြောက် ဘုရားကိုးဆူ ပူဇော်ပွဲနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို မတ် ၁၄ရက်က ရုံးချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် ကိုယ်စား တာဝန်ရှိသူများက စုပေါင်းဆက်ကပ်ကြစဉ်။ (၀၄)

(21-3)12.P65 1 32/9/1, 3:26 PM

ပဏာမလက်ရွေးစင်(က)အသင်းမှ ဇင်မျိုးအောင်နှင့် သန်းထိုက်တို့၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို ပဏာမလက်ရွေးစင်(ခ) ဂိုးသမား ကျော်ဇင်ထက်နှင့် နောက်ခံလူ အေးစန်းတို့ ကာကွယ်ဖျက်ထုတ်စဉ်။ (ကြေးမုံ)

ပစိဖိတ်လိုက်ဖ်အိုးပင်းတင်းနစ်ပွဲ ရော်ဂျာဖက်ဒရဲရား ဗိုလ်စွဲ

အင်ဒီယန်းဝဲလ်စ် မတ် ၂၀

ပစိဖိတ်လိုက်ဖ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲကို အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် တနင်္ဂနွေနေ့ကကျင်းပရာ ဆွစ်ဇာလန်နိုင်ငံမှ ရော်ဂျာဖက်ဒရဲရားက အမေရိကန်နိုင်ငံမှ ဂျိမ်းစ်ဘလိတ်ကို ၇-၅၊ ၆-၃၊ ၆-၀ ဖြင့်အနိုင်ရရှိကာ အင်ဒီးယန်းဝဲလ်စ်မာစတာစီးရီး ချန်ပီယံဆုကို ဆွတ်ခူးရယူသွားသည်။

ဖက်ဒရဲရားသည် အင်ဒီးယန်းဝဲလ်စ် မာစတာစီးရီး ချန်ပီယံဆုဖလားရရှိခြင်းမှာ တတိယအကြိမ် ဆက်တိုက်ရရှိခြင်းဖြစ်သည်။

အင်တာနက်။

ပရီမီယာလိဂ်ပွဲစဉ်(၃၀) ချယ်လ်ဆီးရှုံး၊ လီဗာပူးနိုင်

လန်ဒန် မတ် ၂၀

မတ် ၁၉ရက်တွင် ကျင်းပသော အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀) ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဖူလ်ဟမ်-ချယ်လ်ဆီး

ဤပွဲတွင် ဖူလ်ဟမ်အသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဖူလ်ဟမ်အသင်းသည် အိမ်ကွင်းတွင် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ကစားတတ်ပုံကို ချယ်လ်ဆီးအသင်း သင်ခန်းစာကောင်းကောင်း ရရှိလိုက်သည်။

လန်ဒန်အနောက်ပိုင်းသားတို့၏ မြို့ခံပြိုင်ဘက်နှစ်သင်း ယှဉ်ပြိုင်ကစားပုံမှာအားမာန်ပါသည်။ တန်းဆင်းဇုန်သို့ ရောက်ရှိမည့်အရေး ရင်လေးနေသော ဖူလ်ဟမ်အသင်းမှာ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိလိုက်ရာ စိတ်သက်သာမှုရရှိသည်။

ကရာဗန်ကော့တေ့ဂျ် အားကစားကွင်းတွင်ကျင်းပသည့် ယင်းပွဲတွင် ဖူလ်ဟမ်အသင်း အနိုင်ရရှိလိုက်ခြင်းအတွက် အံ့အားသင့်ကြသည်။ သို့ရာတွင် ချယ်လ်ဆီးအသင်း ရှုံးနိမ့်သည်ဆိုသော်လည်း ယင်းအသင်းအတွက် ထိခိုက်မှုမှာ မဆိုစလောက်သာဖြစ်သည်။ အကြောင်းမှာ ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယား၌ ဒုတိယနေရာတွင်ရှိနေသော မန်ချက်စတာယူနိုက်တက်အသင်းကို ၁၂မှတ်အသာဖြင့် ကျော်ဖြတ်ထားခြင်းကြောင့်ဖြစ်သည်။

ပွဲချိန် ၁၇ မိနစ်တွင် ဖူလ်ဟမ်အသင်း၏ တစ်လုံးတည်းသောအနိုင်ဂိုးကို လူးဝစ်ဘိုအာမော်တီက သွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းမှ ပေါ်လိုဖရေရာ ဖျက်ထုတ်သည့်ကြားမှ ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်ပြီး ဂိုးသမား ပီတာချက်မှာ ကာကွယ်နိုင်ခြင်းမရှိပေ။

ပွဲပြီးခါနီးတွင် ချယ်လ်ဆီးနောက်တန်းလူ ဝီလျံဂါးလက်စ် ထုတ်ပယ်ခံခဲ့ရသည်။ ချယ်လ်ဆီးအသင်းမှ ဒရော့ဘာသည် ပွဲချိန် ၅၉မိနစ်တွင် ချေပဂိုးသွင်းယူသော်လည်း လက်နှင့်ဘောလုံးထိသည်ဟူ၍ အငြင်းပွားကာ ဂိုးအဖြစ်သတ်မှတ်ခြင်းမရှိပေ။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် တတိယအကြိမ် အရှုံးနှင့်ရင်ဆိုင်ရခြင်းဖြစ်သည်။

နယူးကာဆယ်ယူနိုက်တက်-လီဗာပူး

မတ် ၁၄ ရက်က ဖူလ်ဟမ်အသင်းကို ဂိုးအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သော လီဗာပူးအသင်းသည် အမှတ်ပေးဇယားတွင် ဒုတိယနေရာကိုရရှိရန် အင်တိုက်အားတိုက်ကြိုးပမ်းနေချိန်တွင် နယူးကာဆယ်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၁၀ မိနစ်တွင် ဂျန်ခရွမ်ကမ့် ဖြတ်ပို့ပေးသည့်ဘောလုံးကို ပီတာခရော့က ခေါင်းတိုက်သွင်းယူခဲ့သည်။ ပွဲချိန် ၃၅ မိနစ်တွင် စတီဗင်ဂျရတ်က လီဗာပူးအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

ပထမပိုင်းမပြီးဆုံးမီတွင် ရှီလာအမီယိုဘီက အိမ်ရှင်အသင်းဖြစ်သည့် နယူးကာဆယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်း၏ အစောပိုင်းတွင် နယူးကာဆယ်အသင်း၏ နောက်တန်းလူ ဂျင်းအယ်လိန်းဘွန်ဆောင်း ထုတ်ပယ်ခံခဲ့ရသည်။ နယူးကာဆယ်အသင်းမှာ ပိုင်နယ်တီပေးလိုက်ရပြီး ဂျာဘရီးဆစ်စီက ကန်သွင်းရာ သုံးဂိုး-တစ်ဂိုးဖြင့် လီဗာပူးအောင်ပွဲခံခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘောလုံးယှဉ်လု

မတ် ၁၉ ရက်ကကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဒါမီယန်ဒဖ်နှင့် ဖူလ်ဟမ်အသင်းမှ လူးဝစ်ဘိုအာမော်တီတို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေးပွင့်ဆိုင်ခြေစမ်းဘောလုံးပွဲ လက်ရွေးစင်(ခ)က (က)ကို နိုင်

ရန်ကုန် မတ် ၂၀

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တန်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ ဖွဲ့စည်းရန်ကျင်းပသည့် လေးပွင့်ဆိုင်အထူးခြေစမ်းပွဲပဥ္စမပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ ပဏာမလက်ရွေးစင်(ခ) အသင်းက ပဏာမလက်ရွေးစင်(က)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပဏာမလက်ရွေးစင်(ခ)အသင်း – နှစ်ဂိုး

(ဝင်းဇော်အောင်နှင့်ကျော်ကျော်ခိုင်)

ပဏာမလက်ရွေးစင်(က)အသင်း – ဂိုးမရှိ

ဒိုင်လူကြီး – ဦးထွန်းကြည်

နှစ်သင်းစလုံးခြေညီသော်လည်း ပဏာမလက်ရွေးစင်(ခ)အသင်းက ဂိုးသွင်းသေချာ၍ အနိုင်ရသွားခြင်းဖြစ်သည်။ လက်ရွေးစင်(ခ)အသင်းမှာ အနိုင်ရခဲ့သော်လည်း အကောင်းဆုံးခြေစွမ်းထုတ်မပြနိုင်သလို လက်ရွေးစင်(က)အသင်းမှာ အပေးအယူမှားခြင်း၊ ဖန်တီးပေးမှုအားနည်းခြင်းနှင့် ဂိုးသွင်းမသေချာခြင်းတို့ကြောင့် အရေးနိမ့်သွားခြင်းဖြစ်သည်။

ခြေစမ်းပွဲသုံးပွဲစီကစားအပြီးတွင် ပဏာမလက်ရွေးစင်(ခ)အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့ပြီး ပဏာမလက်ရွေးစင်(က)အသင်းက သုံးပွဲစလုံး အရေးနိမ့်ခဲ့သည်။

ယနေ့ပွဲ

ညနေ ၄ နာရီ

(အောင်ဆန်းကွင်း)

(၂၃)နှစ်အောက် လက်ရွေးစင်နှင့် (၂၃)နှစ်အထက် လက်ရွေးစင်

(ကြေးမုံ)

နည်းပြ ဒေါ်ဆွေမာဦးက သင်တန်းသူတစ်ဦးအား အခြေခံကြက်တောင်ရိုက်နည်း သင်ကြားပေးစဉ်။ (ကြေးမုံ)

နွေရာသီကြက်တောင်ရိုက်သင်တန်းဖွင့် သင်တန်းသား ၁၃၀ တက်ရောက်လေ့ကျင့်

ရန်ကုန် မတ် ၂၀

မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရေး၊ ကျောင်းသားလူငယ်လူရွယ်များ နွေရာသီအားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်နှင့် အားကစားကိုစိတ်ဝင်စားလာပြီး ကျန်းမာကြံ့ခိုင်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ ကြက်တောင်သင်တန်းကို မတ်လ ၁၄ရက်မှစ၍ နေရာသုံးခုတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် အနေဖြင့် ကြက်တောင်အားကစားကို ကျွမ်းကျင် တတ်မြောက်စေရန်အတွက် အခြေခံမှစ၍ တရုတ်နည်းပြနှင့် အဖွဲ့ချုပ်နည်းပြဆရာများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။ နွေရာသီကြက်တောင်သင်တန်း ဖွင့်လှစ်ထားသောနေရာသုံးခုမှာကျုံးကြီးလမ်းအမျိုးသားကြက်တောင်အားကစားခန်းမရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းနှင့် ဝိုင်အမ်စီအေခန်းမတို့တွင်ဖြစ်သည်။

တက်ရောက်

အမျိုးသားကြက်တောင်အားကစားခန်းမတွင် ဖွင့်လှစ်ထားသော သင်တန်းတွင် အမျိုးသား ၂၈ဦး၊ အမျိုးသမီး ၁၇ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်သင်ကြားနေကြသည်။ သင်တန်းနည်းပြများအဖြစ် ဦးရော်ဘင်တင် (အတွင်းရေးမှူး၊အဖွဲ့ချုပ်)၊ ဦးအောင်ကြည်နှင့်ဒေါ်ဆွေမာဦးတို့က လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သင်တန်းချိန်မှာ နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိဖြစ်သည်။ ဦးခင်မောင်ဝင်း၊ ဒေါ်လှလှထွေး၊ဒေါ်ယုယုဝင်းတို့လေ့ကျင့်သင်ကြားပေးနေသည့် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းသင်တန်းတွင်သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်သင်ကြားနေကြသည်။ သင်တန်းချိန်မှာ နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲအထိ ဖြစ်သည်။ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သင်ကြားနေသော ဝိုင်အမ်စီအေခန်းမသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းနည်းပြများအဖြစ် ဦးကျော်ကျော်လွင်၊ ဦးထွန်းအောင်လင်းနှင့် ဒေါ်ခင်မာညိုတို့က လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။ နေရာသုံးခုတွင် ဖွင့်လှစ်ထားသော နွေရာသီ ကြက်တောင်သင်တန်းတွင် တက်ရောက်သင်ကြားနေသောသင်တန်းသား၊သင်တန်းသူဦးရေ ၁၃၀ ရှိပြီး အသက်အငယ်ဆုံး (၈)နှစ်မှ အကြီးဆုံး (၁၆)နှစ်ဝန်းကျင်သာ ရှိကြောင်းသိရသည်။

အားကစား ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ကျန်းမာကြံ့ခိုင်လာစေရန်အတွက် Mass Sport အသွင်သဏ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာ့အားကစားလောက အစွန့်ရှည် တိုးတက်အောင်မြင်ရန်အတွက် မျိုးဆက်သစ် လူငယ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရန် အထူးအလေးထား ဆောင်ရွက်နေပြီး ကျောင်းသားလူငယ်များမှတစ်ဆင့် အရည်အသွေးပြည့်ဝသောထူးချွန်သည့် အားကစားသမားများဖြစ်လာစေရန် နွေရာသီအားကစားသင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

(ကြေးမုံ)

ပြည်တွင်း၊ပြည်ပအားကစားသတင်းများ

အငယ်တန်း စနူကာပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာနှင့် Pelican Co., Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အငယ်တန်း စနူကာပြိုင်ပွဲ (Snooker Junior 2006) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာ (သံဈေး) တတိယထပ်၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ၊ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာနှင့် Pelican Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘိလိယက်ထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ပွဲစဉ်များကို နံနက် ၁၁ နာရီမှစတင်၍ ကျင်းပသည်။

(ကြေးမုံ)

စိုက်ပျိုးရေးပြခန်း ကြည့်ရှု စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ စိုက်ပျိုးရေးပြခန်းကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်များကို ဒေသအသီးသီး၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးလျက်ရှိ ဇီဝလောင်စာ ကြက်ဆူဆီဖြင့် မီးစက်၊ ရေစက်၊ ထော်လာဂျီယာဉ်တို့ကို မောင်းနှင်အသုံးပြုနိုင် နောင်တွင် စီးပွားဖြစ်ထွန်းသည့် ကုန်ထုတ်လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်မည့် အလားအလာကောင်းရှိ

ရန်ကုန် မတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မတ် ၁၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့၌ ကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို တက်ရောက်အားပေး၍ ကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစု၏ ဧက ၁၀၀နှစ်ရှည်ပင်နှင့် ရာသီ သီးနှံ မျိုးစေ့ဥယျာဉ်သို့ ရောက်ရှိစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆင်းရွှေလီပဲပုပ်၊ ဆင်းရွှေလီနေကြာ၊ ဆင်းရွှေလီဆီနေကြာ နမူနာများကို ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် ၁၃၅၀၀ မျိုးသန့် မျိုးပွား သုတေသနစိုက်ခင်းနှင့် သီးညှပ် နာနတ်ပင် ငါးသောင်း၊ လိုက်ချီးပင် တစ်သောင်း၊ ပျားလိမ္မော် ၆၀၈ ပင် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သုတေသန ကြက်ဆူပျိုးဥယျာဉ်၌ စိုက်ပျိုးရန် အသင့်ပြင်ဆင်ထားသည့် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းများ၊ တိုက်ရိုက်ကိုင်းပျိုးစနစ်ဖြင့် ပျိုးထောင်ထားသည့် ကြက်ဆူပျိုးပင်များ၊ တိုက်ရိုက်အစေ့ချစနစ်ဖြင့် ပျိုးထောင်ထားသည့် ကြက်ဆူပျိုးပင်များကိုလည်းကောင်း၊ ၄၅ ရက်သားရှိ ကြက်ဆူပျိုးပင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်ထားသည့် ဇီဝလောင်စာဆီနှင့် ဇီဝလောင်စာဆီဖြင့် အသုံးပြုနိုင်သည့် မီးအိမ်၊ မီးဖိုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စံပြဧက ၁၀၀ ကြက်ဆူစိုက်ခင်း ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ ဒေသဝမ်းစာ ဆန်စပါး ဖူလုံပိုလျှံရမည်၊ စက်ယန္တရားများအတွက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

စိုက်ပျိုးရေးကဏ္ဍအတွက် စက်ကိရိယာများ မလွဲမသွေ ဖြည့်ဆည်းပေးရန်လို အရည်အသွေးမြင့်စက်များ ရရှိရေးနှင့် ကျွမ်းကျင်ပညာရှင်များ မွေးမြူရေးဆောင်ရွက် မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့် ကြက်ဆူဆီဖြင့် အင်ဂျင်များမောင်းနှင်နိုင်ရေး တီထွင်

လှည့်လည်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လယ်ထွန်စက် အင်ဂျင်စက်ရုံမှ ထုတ်လုပ်သည့် စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စက်မှုနယ်မြေ၌ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စက်မှုနယ်မြေရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနသို့ ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ တပ်မတော်အရာရှိကြီးများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❃